# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့် ၊ တနင်္ဂနွေနေ့ ၊ (9-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား**

စာမျက်နှာ - ၁၉

**နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာ အဆင့်မီ မြန်မာ့ကော်ဖီများ တင်ပို့လျက်ရှိ**

စာမျက်နှာ - ၁၉



ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုလည်း သတ်မှတ်ခေါ်ဆိုကြသည်။ ဗုဒ္ဓဘုရားရှင်၏ တရားတော်တို့ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိုင်းခြားထားသည်။ ၎င်းတို့ကို ပိဋကသုံးပုံဟုခေါ်ဆိုသည်။ အဆိုပါ ပိဋကသုံးပုံတွင် အဘိဓမ္မာတရားသည် ထူးခြားနက်နဲသည်။ အဘိဓမ္မာတရားတော်ကို ဗုဒ္ဓဘုရားရှင်သည် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် သက်တော် ၄၂ နှစ်တွင် တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူခဲ့သည်။ မယ်တော်မိနတ်သားကိုကျေးဇူးဆပ်လိုသော ရည်ရွယ်ချက်ဖြင့် ဟောကြားတော်မူခြင်းဖြစ်သည်။ မယ်တော်မိနတ်သားသာမက မယ်တော်မိနတ်သားအမှူးပြုသော နတ်ဗြဟ္မာများကပါ နာယူခဲ့ကြသည်။

ဘုရားရှင်သည် အဘိဓမ္မာတရားအကျယ်ကို တာဝတိံသာနတ်ပြည်၌ ဟောပြောစဉ် ဆွမ်းခံချိန် ဆွမ်းစားချိန် စသည်တို့၌ ကိုယ်ပွားဖြစ်သော နိမ္မိတဘုရားရှင်ကိုဖန်ဆင်းထားလျက် လူ့ပြည်သို့ ခေတ္တကြွသည်။ ထိုသို့ကြွစဉ် နိမ္မိတဘုရားရှင်က နတ်ဗြဟ္မာအပေါင်းကို ဆက်လက်ဟောကြားသည်။ ဘုရားရှင်သည် လူ့ပြည်၌ တစ်နေ့တာအတွက် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်စဉ် လက်ယာတော်ရံ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအား အဘိဓမ္မာတရားတော်အကျဉ်းချုပ်ကို ဟောပြတော်မူလေသည်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက အခြားသာဝက ၅၀၀ ကို မကျဉ်းမကျယ်ပြန်လည်ဟောပြခဲ့သည်။

ဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ မယ်တော်ဟောင်းသန္တုသိတ နတ်သားအမှူးရှိသော နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလ နေ့ညမစဲ အဘိဓမ္မာတရားကို ဟောကြားတော်မူကာ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။ အဘိဓမ္မာတရားသည် အမေ့ကျေးဇူးဆပ်တရားဖြစ်ခြင်း၊ နတ်ပြည်၌ဟောကြားခြင်း၊ သုံးလကြာမျှ ဟောကြားခြင်း၊ ပကတိဘုရားနှင့် နိမ္မိတဘုရားတို့ တစ်လှည့်စီ ဟောကြားခြင်းတည်းဟူသော ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပေသည်။

ထို့မျှမက အဘိဓမ္မာတရားသည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်းဟူသော နက်နဲခြင်းနှင့်လည်းပြည့်စုံပေသည်။ ဘုရားရှင်သည် အဘိဓမ္မာတရားဟောကြားပြီးဆုံးသော သီတင်းကျွတ်လပြည့်နေ့မှာပင် လူတို့နေရာ သင်္ကာသနဂိုရ်ပြည်သို့ လူနတ်ဗြဟ္မာများခြံရံလျက် ကြွဆင်းတော်မူလာခဲ့သည်။ ထိုသို့ကြွဆင်းရာ၌ လူတို့ကလည်း မီးရှူးတန်ဆောင်အလင်းရောင်တို့ဖြင့် ထွန်းညှိပူဇော်ကြိုဆိုကြသည်။ ထိုဖြစ်ရပ်ကိုအစွဲပြု၍ နှောင်းခေတ် ဗုဒ္ဓဘာသာဝင်တို့က သီတင်းကျွတ်ချိန်တွင် မြင်းမိုရ်မီးပွဲထွန်းညှိပူဇော်ကြသလို သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟူ၍ သတ်မှတ်ကျင်းပကြသည်။

ထူးကဲနက်နဲသော အဘိဓမ္မာတရားတော်ကို သင်ယူခြင်း၊ ကြားနာခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းကြောင့် ဓမ္မဉာဏ်ရင့်သန်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံခြင်းဟူသော အကျိုးထူးတရားများရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့ ယခုကျရောက်သော အဘိဓမ္မာအခါတော်နေ့၌ မြတ်သောအယူ ဖြူသောနှလုံး သူတော်ထုံးဖြင့် ဘုရားရှင်ဆုံးမဩ‌ဝါဒများကို မှတ်သားနာယူကာ ဓမ္မဉာဏ်၌မွေ့လျော်ခြင်းဖြင့် ကောင်းကျိုးချမ်းသာမင်္ဂလာတို့ ပြည့်စုံလာနိုင်မည်ဖြစ်ကြောင်း ထပ်လောင်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၇၃၄၀၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ပေါ်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ကြပြီး တက်ရောက်ဖူးမြော်ကြပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာဆိုရင် မန္တလေးတောင်ပေါ်မှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်သွားမှာပါ။ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲကိုလဲ ငါးရက်ကြာ ရွတ်ဖတ်ပူဇော်နေပါတယ်။ ဖူးမြော်သူတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက် ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာ ဖူးမြော်နိုင်ပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၀၁၈ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၆၉၈၁၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၅၇၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်းငါးသောင်း စိုက်ထည့်

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် ဧရာဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၀ သိန်း ငါးသောင်းကို ယနေ့ နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းတို့ ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်း ငါးသောင်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများမှာ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းငါးသောင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ငါးသိန်းတို့ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး အတွင်း ငါးလုပ်ငန်းစခန်း သုံးခုက နေပြီးတော့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်း ငါးသောင်းကို ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်လွှတ်ပေးပါတယ်။ ငါးအမျိုးအစားနှစ်မျိုးကို စိုက်ထည့်ပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ နှစ်သိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ ငါးသိန်းငါးသောင်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပါတယ်။ နှစ်စဉ် စခန်းအလိုက် ခွဲတမ်းကျ ငါးမျိုးစိုက်ထည့်လွှတ်ပေးတာပါ။ ငါးလွှတ်ပွဲကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်း အဖွဲ့ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး လွှတ်ပေးခဲ့တာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိစေရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရေးနှင့် ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရေးတို့ ရည်ရွယ်၍ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို နှစ်စဉ်ငါးမျိုး စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် မုံရွာနှင့်ဘုတလင်ဘက်မှ ဂျုံအသစ် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးဈေးကွက်အတွင်း မုံရွာနှင့်ဘုတလင်ဘက်မှ ဂျုံအသစ်များ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မုံရွာနှင့် ဘုတလင်ဘက်မှ အရည်အသွေးကောင်းမွန်သည့်ဂျုံအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံအသစ်များကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုယခင်ကထက် ပိုမိုများပြားလာပြီး အရောင်းအဝယ် ကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

"အရင်က မုံရွာနဲ့ ဘုတလင်က ထွက်ရှိတဲ့ ဂျုံတွေကို မန္တလေးဈေးကွက်အတွင်းမှာ ပိဿာ ၆၀ ဝင်တစ်အိတ်ကို ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိခဲ့တယ်။ အခုက ဂျုံအသစ်တွေကို ဝယ်ယူမှုများလာတာကြောင့် ဒီနေ့မှာ ဂျုံပိဿာ ၆၀ ဝင်တစ်အိတ်ကို ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မုံရွာနှင့် ဘုတလင်ဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံအသစ်များကို ရန်ကုန်ဈေးကွက်အပြင် မန္တလေးဈေးကွက်နှင့်အခြားမြို့များကပါ မှာယူမှုများပြားလာကြောင်း၊ ထို့ပြင် ပြည်တွင်းစားသုံးမှုမြင့်တက်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဂျုံဈေးနှုန်း ယခုထက်ပို၍ ဈေးကောင်းရရှိလာနိုင်ကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သီတင်းကျွတ်မီးထွန်းပွဲတော်၊ မန္တလေးတောင်ဘုရားပွဲနှင့် မြန်မာ့ရိုးရာရောင်စုံမီးပုံးလေးများ



"သုံးလူ့ထွဋ် ဓမ္မရာဇိန်
တာဝတိံကြိုပွဲ
မီးမြင်းမိုရ်ဆင်နွဲလို့
အနဲနဲသဘင်။
မြန်မဟီတစ်ပြည်လုံး
အကြည်ဆုံးချမ်းမြပျော်ရွှင်။"

အထက်ဖော်ပြပါတေးထပ်သည် ဆရာကြီးမင်းသုဝဏ်၏ "တူရာသီ သီတင်းကျွတ်လဘွဲ့" တေးထပ်မှ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့်သက်ဆိုင်သော အပိုဒ်နှစ်ပိုဒ်ကိုသာ ဖော်ပြထားခြင်းဖြစ်သည်။

**သီတင်းကျွတ်(ဝါကျွတ်)ခြင်းအဓိပ္ပာယ်**

မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း ဗုဒ္ဓဘာသာဝင်ရဟန်းတော်များသည် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့ထိ မိမိတို့ဆိုင်ရာဆိုင်ရာကျောင်းတိုက်အသီးသီးတွင် ဝါဆိုဝါကပ်တော်မူကြရသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရက်ပေါင်း ၉၀ ပြည့်၍ သီတင်းဝါဆိုရာမှ ကျွတ်လွတ်သောကြောင့် သီတင်းကျွတ် သို့မဟုတ် ဝါကျွတ်သည်ဟုခေါ်ဆိုကြောင်း ရှေးပညာရှိများ၏အဆိုအရ သိရှိရသည်။

ဤတွင် ရဟန်းတော်များသည် ဝါတွင်းကာလ၌ ဒေသစာရီကြွချီတော်မူခြင်းမပြုရဘဲ ဝါပကာလ၌သာ ကြွချီတော်မူနိုင်ကြသည်။ သို့ရာတွင် ကိုယ်ရေးကိုယ်တာအကြောင်းကြီးငယ်ရှိပါက ကျောင်းထိုင်ဆရာတော်ထံဝါပန်၍ ရက်တိုခရီးကြွချီနိုင်ကြောင်း သိရှိရသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်သောမိဘများသည် မိမိတို့သားများ လိမ္မာရေးခြားရှိစေရန် ဘုန်းကြီးထံအပ်နှံ၍ သင်္ကန်းဆီးပေးလေ့ရှိသည်။ မိမိသည် ကိုရင်လေးဘဝတွင် ပရိတ်ကြီး ၁၁ သုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း အစရှိသည့် ဗုဒ္ဓဘာသာအခြေခံတရားတော်များကို သင်ကြားခဲ့ရပြီး ဆရာတော်သံဃာတော်များ၏ ဆုံးမစကားများကို နာယူမှတ်သားခဲ့သဖြင့် ဘဝကိုအေးချမ်းစွာဖြတ်သန်းနိုင်ခဲ့သည်။

**ရဟန်းတော်များ ပဝါရဏာပြုခြင်း**

မြတ်စွာဘုရား၏ ဝိနည်းတော်အလိုအရ သီတင်းကျွတ်လပြည့်ပြီဆိုရုံမျှဖြင့် ဝါကျွတ်ပြီဟု ယူဆ၍ မရသေးပါ။ ရဟန်းသံဃာတော်များအတွက် ပဝါရဏာပြုပြီးမှသာ ဝါကျွတ်သည်ဟု ခေါ်ရသည်။ ပဝါရဏာဆိုသည်မှာ ရဟန်းတော်တို့အချင်းချင်း ဖိတ်ကြားခြင်း(ဝါ)ပန်ကြားခြင်းကိုဆိုလို၏။ ရှေးဦးစွာ မထေရ်ကြီးဖြစ်သော ရဟန်းသည် လက်ဝဲပခုံးတော်၌ ကေသီသင်္ကန်းကိုစံပယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက် "အရှင်တို့ သံဃာကို ဖိတ်ကြားပါ၏။ အရှင်တို့သည် အကျွန်ုပ်အပေါ်၌ အပြစ်ကိုမြင်လျှင်ဖြစ်စေ၊ ကြားလျှင်ဖြစ်စေ၊ အပြစ်ရှိသည်ဟု ယုံမှားသံသယရှိလျှင်ဖြစ်စေ အကျွန်ုပ်အား အစဉ်သနားသည်ကိုအကြောင်းပြု၍ ပြောဆိုကြကုန်လော့၊ အပြစ်မြင်သည်ရှိသော် ထိုအပြစ်ကို အကျွန်ုပ်ကုစားပါအံ့" ဟုဆို၍ သုံးကြိမ်တိုင်တိုင် ဖိတ်ကြားရသည်။

ထို့နောက် အစဉ်အတိုင်း သီတင်းငယ်သော (ဝါငယ်သော)ရဟန်းတို့ကလည်း အထက်ပါနည်းအတိုင်း လက်အုပ်ချီကာ "အရှင်ဘုရားတို့ သံဃာကို ဖိတ်ကြားပါ၏"သုံးကြိမ်သုံးခါရွတ်ဆို၍ "အပြစ်ရှိလျှင် ပြောကြပါ"ဟု အချင်းချင်းအပြန်အလှန်ဖိတ်ကြားကြရသည်။ သဘောအဓိပ္ပာယ်မှာ သံဃာတော်အချင်းချင်း အပြစ်တွေ့၊ မတွေ့ ဝေဖန်ပြောဆို၍ အပြစ်တွေ့လျှင် အပြစ်ပြေပျောက်စေရန် ဝိနည်းတော်အတိုင်း ဆောင်ရွက်ကြခြင်းပင်ဖြစ်၏။ ဤဓလေ့သည် ဗုဒ္ဓသာသနာတော်၏ ထူးခြားမွန်မြတ်သောဓလေ့တစ်ခုပင်ဖြစ်ပေသည်။

**ဆရာ၊ မိဘပူဇော်ကန်တော့ပွဲများဖြစ်ပေါ်လာပုံ**

ဤကဲ့သို့ ရဟန်းတော်များ၏ကောင်းမြတ်သောဓလေ့အစဉ်အလာကိုလိုက်၍ လူတို့သည်လည်း ငယ်ရွယ်သူက ကြီးသူကိုလည်းကောင်း၊ သားသမီးများက မိဘဆွေမျိုးများကိုလည်းကောင်း၊ တပည့်များက မိမိတို့ဆရာသမားများကိုလည်းကောင်း၊ မိမိတို့၏ ဆရာဒကာရဟန်းတော်များကိုလည်းကောင်း "မိမိတို့၌အပြစ်ရှိသော် ထိုအပြစ်မှ ပပျောက်စေရန်ကန်တော့ပါ၏"ဟုဆို၍ ဆီမီးဖယောင်းတိုင်နှင့် အခြားလှူဖွယ်ပစ္စည်းတို့ဖြင့် သက္ကစ္စဂါရဝကာယကံမြောက် ကန်တော့ပွဲများ ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။

တပည့်က ဆရာကို ကာယကံမြောက် ကန်တော့သောအလေ့အထသည် မြန်မာတစ်နိုင်ငံတည်းသာ ရှိသဖြင့် ကောင်းမြတ်သော ဤဓလေ့ကို လူငယ်များ ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည်။

**သီတင်းကျွတ်မီးထွန်းပွဲတော်ဖြစ်ပေါ်လာပုံ**

နိုင်ငံတကာမီးထွန်းပွဲတော်များနှင့်ပတ်သက်၍ စာရေးဆရာကိုကိုသော်က ၎င်း၏ "မီးထွန်းပွဲတော်များ"အမည်ရှိစာအုပ်တွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရသည်။ စာရေးသူအနေဖြင့် မြန်မာနိုင်ငံ၏ သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်းကို ဖော်ပြပါမည်။

ရှေးမြန်မာဘုရင်တို့၏လက်ထက်၌ ဘုရင်နှင့် မိဖုရားကြီးတို့၏ ကန်တော့ပွဲများကို နန်းတွင်းနှင့် နန်းပြင်တို့၌ ကျင်းပလေ့ရှိကြ၏။ ဘုရင်နှင့်မိဖုရားကြီးတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် နန်းတွင်း၌ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုးများနှင့် ထီးဆောင်းမင်းတို့၏ကန်တော့ခြင်းကို ခံယူတော်မူပြီး ဘုရင်မင်းမြတ်သည် တုရင်မကိုင်ရှိတို့ကို ဆင်မြန်း၍ မြို့တော်အတွင်းသို့ လှည့်လည်ပြီးလျှင် တိုင်းသူပြည်သားတို့၏ ကန်တော့ခြင်းကို ခံယူတော်မူသည်။

ထို့ပြင် ညချမ်းအချိန်ခါ၌ မြို့ရွာတစ်ဝန်း မြတ်စွာဘုရားကိုရည်မှန်း၍ မီးထွန်းပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲ ပျော်ရွှင်စွာဆင်နွှဲကျင်းပကြသည်။ ထိုမီးထွန်းပွဲတော်ကို မီးမြင်းမိုရ်ပွဲဟူ၍လည်းကောင်း၊ တာဝတိံသာပွဲဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

မီးမြင်းမိုရ်ပွဲဖြစ်ပေါ်လာရခြင်းမှာ ဂေါတမမြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ သီတင်းသုံး၍ မယ်တော်တော်စပ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားဒေသနာတော် ဟောကြားတော်မူပြီး လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ရှေးပညာရှိများက ဆိုကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် မြတ်စွာဘုရားလူ့ပြည်ကို သက်ဆင်းတော်မူသည်ကိုရည်စူး၍ နန်းရင်ပြင်တွင် မြင်းမိုရ်တောင်ကို ကိုယ်စားပြုသော မြင့်မားသောပြာသာဒ်ကြီးကို ဆောက်လုပ်၍ လှေကားသုံးသွယ်(ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း)ဆင်ယင်ပြီးလျှင် ဆီမီးထွန်းညှိပူဇော်သည့်ပွဲကျင်းပသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်သည် မြန်မာတို့၏ ဆယ့်နှစ်ရာသီပွဲတော်များအနက် အထင်ကရ ပွဲတော်ကြီးတစ်ခုဖြစ်သည်။

**အဘိဓမ္မာအခါတော်နေ့**

မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ သီတင်းသုံး၍ မယ်တော်တော်စပ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့်တကွ သိကြားမင်း၊ နတ်ဗြဟ္မာအပေါင်းတို့ကို အလွန်ခက်ခဲနက်နဲသော အဘိဓမ္မာတရားဒေသနာတော် ဟောကြားခဲ့သည်ကို အကြောင်းပြု၍ အဘိဓမ္မာအခါတော်နေ့ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုသတ်မှတ်ပြီး နိုင်ငံတော်အစိုးရက အများပြည်သူတရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။

အဘိဓမ္မာအခါတော်နေ့၏ ထူးမြတ်သောဝိသေသများမှာ တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာပြတော်မူခြင်း၊ နတ်ဗြဟ္မာများအား အဘိဓမ္မာတရားဒေသနာ ဟောတော်မူခြင်း၊ ပဝါရဏာပြုခြင်း၊ တာဝတိံသာမှ လူ့ပြည်သို့ မြတ်စွာဘုရားရှင် ဆင်းသက်တော်မူခြင်း၊ မြတ်စွာဘုရားအား လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ ပူဇော်သက္ကာရပြုခြင်း၊ လောကဝိဝရဏာတန်ခိုးတော်ကြောင့် သတ္တဝါအပေါင်းတို့သည် စကြဝဠာတစ်ခုလုံးကို တိုးလျှိုပေါက်မြင်ကြရခြင်းတို့ဖြစ်သည်။

**မြန်မာ့ရိုးရာရောင်စုံမီးပုံးလေးများ**

သီတင်းကျွတ်မီးထွန်းပွဲတော်တွင် သီတင်းကျွတ်လပြည့်မတိုင်မီ အဖိတ်နေ့ကတည်းကပင် လူကြီး၊ လူငယ်မရွေး ပျော်ရွှင်စွာ မိမိတို့၏အိမ်ဂေဟာသာမက ဘုရားစေတီပုထိုးများနှင့် ရုံးအဆောက်အအုံများကိုပါ ရောင်စုံမီးပုံးလေးများချိတ်ဆွဲ၍လည်းကောင်း၊ ဆီမီးဖယောင်းတိုင်ထွန်းညှိ၍လည်းကောင်း၊ ယခုခေတ်တွင် ရောင်စုံလျှပ်စစ်မီးကြိုး၊ မီးသီးများသွယ်တန်း၍လည်းကောင်းပူဇော်ကြသည်။ တချို့က လမ်းအလိုက်၊ ရပ်ကွက်အလိုက် ဆီမီးထွန်းညှိပြီး ပျော်ပွဲရွှင်ပွဲများကျင်းပကြသည်။ မီးပုံးပျံဝါသနာရှင်များကလည်း တာဝတိံသာနတ်ပြည်သို့ ရည်မှန်း၍ မီးပုံးပျံများလွှတ်တင်ပူဇော်ကြသည်ကိုလည်းတွေ့ရှိရသည်။ မြန်မာလူမျိုးတို့၏ ဘာသာရေး ကိုင်းရှိုင်းမှု၊ တစ်ဦးနှင့်တစ်ဦး စည်းလုံးချစ်ခင်မှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်မှုတို့သည် ကောင်းသောပြယုဂ်များပင်ဖြစ်သည်။

ဆက်လက်၍ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် မပါမဖြစ်သော ရောင်စုံမီးပုံးလေးများအကြောင်းကို ဖော်ပြပါဦးမည်။

**(က) မီးပုံးလေးများ ပြုလုပ်သည့်နေရာ**

မီးပုံးလေးများကို မန္တလေးမြို့ရှိ ရပ်ကွက်တချို့တွင် လုပ်ကိုင်ကြပြီး အထူးသဖြင့် အကွက်(၈၄၀)နှင့် (၉၀၀)ရပ်ကွက်တို့တွင် အိမ်တွင်းမှုမိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြကြောင်း လေ့လာတွေ့ရှိရသည်။ မီးပုံးလုပ်သည့်အတတ်ပညာကိုတော့ လက်ဆင့်ကမ်းတတ်ခဲ့ကြောင်း သိရှိရသည်။

**(ခ) မီးပုံးလေးများပြုလုပ်ရာတွင် လိုအပ်သောကုန်ကြမ်းများ**

အဓိကလိုအပ်သောပစ္စည်းများမှာ ပေါင်းတင်းကျည်ဝါး(ခဲလံချောင်းဝါး)၊ မှန်ရောင်စက္ကူ၊ သစ်သားဘီးလုံးလေးများ၊ ချည်ကြိုးနှင့်ကော်တို့ဖြစ်သည်။ ခဲလံချောင်းဝါးကို ပျဉ်းမနားမြို့ကလည်းကောင်း၊ မှန်ရောင်စက္ကူများကို တရုတ်နိုင်ငံကလည်းကောင်း ဝယ်ယူရရှိကြောင်း သိရှိရသည်။

❖ မန္တလေးတောင်ဘုရားပွဲဟု ယေဘုယျခေါ်ကြသော်လည်း အမှန်တကယ်မှာ မန္တလေးတောင်အနီးရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားနှင့် မန္တလေးတောင်ပေါ်ရှိ ဘုရားပွဲတော်တို့ပင်ဖြစ်သည်။ ထိုပွဲတော်ကို သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၂ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ သံဃာတော်များအား ဆွမ်းကြီးလောင်းလှူခြင်း၊ ဇာတ်ပွဲ၊ ဆပ်ကပ်ပွဲများဖြင့် ဖျော်ဖြေခြင်း၊ ဘုရားများတွင် ဆီမီးပူဇော်ခြင်း၊ ဆီမီးရောင်စုံထွန်းညှိပူဇော်ခြင်းတို့ ပြုလုပ်ကြသည်။ ❖

**(ဂ) မီးပုံးပုံစံအမျိုးမျိုး**

(၉၀၀)ရပ်ကွက်ရှိ မီးပုံးပြုလုပ်သောနေအိမ်များသို့ သွားရောက်လေ့လာရာ မီးပုံးအမျိုးအစားပေါင်း ၁၅ မျိုး၊ အမျိုး ၂၀ ထိ ပြုလုပ်ကြောင်း သိရသည်။ ထို့ပြင် အလှချိတ်ဆွဲရန်အတွက် ပုံစံအမျိုးမျိုးဖြင့် မီးပုံးလေးများ၊ မီးစကြာ၊ မီးကြာခွက်၊ မီးကြယ် အစရှိ

စာမျက်နှာ ၅ သို့ ➤

## နိုင်ငံတကာ သတင်းများ

# ခါ့ချ်ရေလက်ကြားဖြတ်တံတားပေါ်၌ ကားပုံးပေါက်ကွဲမှုကြောင့် တံတားပြိုကျ

**မော်စကို အောက်တိုဘာ ၈**

ရုရှားနှင့်ကရိုင်းမီးယားကျွန်းဆွယ် ဒေသကို ချိတ်ဆက်ပေးထားသော ခါ့ချ်ရေလက်ကြားဖြတ်တံတားပေါ် ၌ ကားပုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တံတား၏ တစ်စိတ်တစ်ပိုင်းပြိုကျ ခဲ့ရကြောင်း ရုရှားတာဝန်ရှိသူများ ၏အဆိုကိုကိုးကား၍ အေပီသတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခါ့ချ်ရေလက်ကြားဖြတ်တံတား ပေါက်ကွဲမှုသည် ယနေ့နံနက်ပိုင်း တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဆိုပါတံတားပေါ်တွင်ကုန်တင် ယာဉ်ပုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ယင်းပုံးကွဲမှုကြောင့် လောင်စာဆီ တင်ရထားတွဲ ခုနစ်တွဲ မီးလောင်ခဲ့ ရကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အရှည် ၁၂ မိုင်ရှိသည့် အဆိုပါ တံတားကို ၂၀၁၈ ခုနှစ်တွင် ရုရှား သမ္မတ ပူတင်ကိုယ်တိုင် ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် ခါ့ချ်ရေလက် ကြားဖြတ်တံတားကို တိုက်ခိုက်မည် ဟူ၍ မကြာခဏခြိမ်းခြောက်ဖူးသော် လည်း ယနေ့ပေါက်ကွဲမှုအတွက် တာဝန်ရှိ၊ မရှိ ထုတ်ဖော်ပြောကြား ခြင်းမရှိကြောင်း သိရသည်။

အဆိုပါတံတားသည် ယူကရိန်း တောင်ပိုင်း ခါဆန်ဒေသတစ်ခုလုံး နီးပါးကို ထိန်းချုပ်ထားသည့် ရုရှား တပ်များအတွက် အရေးပါသည့် ဆက်သွယ်ရေး လမ်းကြောင်းဖြစ် ကြောင်း သိရသည်။ KKO

# ဟေတီအစိုးရက ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရာတွင် ပြည်ပတပ်များ၏အကူအညီရယူခွင့် ဝန်ကြီးချုပ်ထံပေးအပ်



**ပို့တ်အော်ပရင့်စ် အောက်တိုဘာ ၈**

ဒုစရိုက်ဂိုဏ်းများကြောင့် ဟေတီ ပြည်သူများရင်ဆိုင်နေရသည့် လူမှု ဒုက္ခပြဿနာများကို ဖြေရှင်းရာတွင် ပြည်ပတပ်များ၏ အကူအညီရယူ ခွင့်ကို ဟေတီအစိုးရက ဝန်ကြီးချုပ် အာရီရယ်ဟင်နရီထံ အပ်နှင်းထား ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၇ ရက်တွင် ဖော်ပြ ခဲ့သည်။

ဒုစရိုက်ဂိုဏ်းများ စုစည်းထား သည့် ညွန့်ပေါင်းအုပ်စု တစ်စုက ဟေတီနိုင်ငံ၏အဓိကရေနံဆိပ်ကမ်း ဖြစ်သော ဗားရော့စ်ဆိပ်ကမ်းကို ပြီးခဲ့သည့်လမှစ၍ ပိတ်ဆို့ထားပြီး နောက် ဟေတီပြည်သူများမှာ လောင်စာဆီ ရှားပါးပြတ်လပ်မှု ပြဿနာနှင့် ရင်ဆိုင်နေရသည့် အပြင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်း များ ရပ်တန့်ခဲ့ရသည်။

သို့ရာတွင် ဟေတီအစိုးရက ဩဂုတ် ၇ ရက်တွင် ထုတ်ပြန်ထား သောအမိန့်ဒီကရီအရ ဒုစရိုက် ဂိုဏ်းများကို ရင်ဆိုင်ရေးအတွက် တပ်များဖြန့်ကြက်ပေးရန် မိတ်ဖက် နိုင်ငံများအား တောင်းဆိုခွင့်ကို ဝန်ကြီးချုပ်ထံ အပ်နှင်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဟေတီ ဝန်ကြီးချုပ်အနေဖြင့် တပ်များ ဖြန့်ကြက်ပေးရေးအတွက် မိတ်ဖက် နိုင်ငံများထံ တရားဝင်အဆိုပြုထား ခြင်း ရှိ၊ မရှိကို မသိရသေးကြောင်း သိရသည်။

သို့သော် ဟေတီပြည်သူအများ အပြားကမူ ပြီးခဲ့သည့် ၁၀ နှစ် ကျော်က ကုလသမဂ္ဂတပ်များနှင့် ဆက်နွှယ်ခဲ့သော ပြဿနာများ ကြောင့် ပြည်ပတပ်များကြားဝင် ခွင့်ပြုရေးအစီအစဉ်အပေါ် လိုလို လားလားမရှိကြကြောင်း သိရသည်။

တပ်များ ဖြန့်ကြက်ပေးရေး အဆိုပြုချက်ကို ဟေတီအစိုးရက မည်သည့်နိုင်ငံများသို့ ပေးပို့မည် ကိုလည်း မသိရသေးကြောင်း သိရသည်။ KKO

# ချီလီအစိုးရက မြေကျွံတွင်းနှင့်ဆက်စပ်နေသည့် သတ္တုလုပ်ငန်းနယ်မြေကို အပြီးတိုင်ပိတ်သိမ်း

**ဆန်တီယာဂို အောက်တိုဘာ ၈**

ယခုနှစ်ဇူလိုင်လအတွင်း ချီလီ မြောက်ပိုင်း၌ ပေါ်ထွက်ခဲ့သည့် ဧရာမမြေကျွံတွင်းကြီးနှင့်တိုက်ရိုက် ပတ်သက်နေသော သတ္တုတူးဖော် ရေးနယ်မြေကို ချီလီအစိုးရက လုပ်ငန်းအပြီးတိုင် ပိတ်သိမ်းမည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာန က ယနေ့တွင် ဖော်ပြခဲ့သည်။

အလုပ်သမားသမဂ္ဂများ၊ သတ္တု တွင်းအလုပ်သမား ကိုယ်စားလှယ် များ၊ မြေကျွံတွင်းကို လေ့လာနေ သော ကျွမ်းကျင်သူများနှင့် တွေ့ဆုံ ညှိနှိုင်းခဲ့ပြီးနောက် ယင်းမြေကျွံ တွင်းနှင့်ဆက်စပ်နေသော ဂါဘီ အမည်ရှိ သတ္တုတူးဖော်ရေးနယ်မြေ လုပ်ငန်းလည်ပတ်မှုကိုလုံးဝပိတ်သိမ်း မည်ဖြစ်ကြောင်း ချီလီသတ္တုတွင်း ဝန်ကြီးဌာနက အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

မြေကျွံတွင်းပေါ်ထွက်လာမှုနှင့် ပတ်သက်၍ချီလီအစိုးရက ကနေဒါ အခြေစိုက် လန်ဒင်းသတ္တုတူးဖော် ရေးကုမ္ပဏီကို တရားစွဲဆိုထား ကြောင်း သိရသည်။

မြေကျွံတွင်းပေါ်ထွက်ရာနေရာ အနီးရှိ သတ္တုတူးဖော်ရေးနယ်မြေ ကို လန်ဒင်းကုမ္ပဏီက ၈၀ ရာခိုင် နှုန်းထိ ပိုင်ဆိုင်ထားသည်။

ချီလီအစိုးရသည် မြေကျွံတွင်း ပြဿနာအတွက် လန်ဒင်းကုမ္ပဏီ ကို သဘာဝပတ်ဝန်းကျင်ပြန်လည် ကုစား၍ မရနိုင်လောက်အောင် ပျက်စီးမှု၊ သယံဇာတအလွန်အကျွံ ထုတ်ယူမှုများဖြင့် တရားစွဲထားခြင်း ဖြစ်သည်။

အဆိုပါ မြေကျွံတွင်းကြီးသည် အချင်း ပေ ၁၂၀ ထိရှိပြီး အနက် မီတာ ၂၀၀ ထိရှိကြောင်း သိရသည်။ KKO



# အိန္ဒိယ၌ ခရီးသည်တင်ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွား အနည်းဆုံး လူ ၁၂ ဦးသေဆုံး၍ ၄၃ ဦး ဒဏ်ရာရရှိ

**ဒေလီ အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း အဝေးပြေးလမ်းတစ်ခု၌ယနေ့တွင် ခရီးသည်တင် ဘတ်စကားတစ်စီး သည် ရေနံတင်ယာဉ်တစ်စီးနှင့် ဝင်တိုက်ပြီးနောက် မီးလောင်ကျွမ်း မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးခရီးသည် ၁၂ ဦး သေဆုံးခဲ့ရကြောင်း အေပီ သတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် အဆိုပါယာဉ်တိုက်မှု အတွင်း မီးလောင်ဒဏ်ရာရရှိခဲ့သူ ပေါင်း ၄၃ ဦးထိရှိခဲ့ကြောင်း မဟာ ရက်ရှ်တြပြည်နယ်ရဲတပ်ဖွဲ့က ပြော ကြားခဲ့သည်။



လိုက်ပါလာသည့်ခရီးသည်များ အိပ်စက်နေချိန်တွင် ယာဉ်တိုက်မှု နှင့်မီးလောင်ကျွမ်းမှုများ ဖြစ်ပွား ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆိုပါယာဉ် မတော်တဆမှု အတွက် စိတ်မကောင်းဖြစ်ရကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက တွစ်တာ စာမျက်နှာ၌ ရေးသားထားသည်။

အိန္ဒိယနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း ယာဉ်မတော်တဆမှုများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးကြ ရသည်။

အိန္ဒိယနိုင်ငံ၌ ဖြစ်ပွားတတ် သော ယာဉ်ပေါ့ဆစွာမောင်းနှင်မှု၊ လမ်းများပြုပြင်ထိန်းသိမ်းမှုနှင့်မော်တော် ယာဉ်များ သက်တမ်းအိုဟောင်းမှု တို့ကြောင့် ဖြစ်ပွားရခြင်းဖြစ် ကြောင်း သိရသည်။ KKO

# အမေရိကန်၏ စစ်ရေးခြိမ်းခြောက်မှုကို ကာကွယ်ရန် ဒုံးကျည်စမ်းသပ်မှုများပြုလုပ်ရသည်ဟု မြောက်ကိုရီးယား ပြောကြား

**ပြုံယမ်း အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ၏ တိုက်ရိုက် စစ်ရေးခြိမ်းခြောက်မှုမှ ကိုယ့်ကိုယ် ကိုယ်ကာကွယ်ရေးအတွက်ဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်နေရခြင်းဖြစ် ကြောင်း မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် ပြောကြားလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ် အတွင်း တာဝေးပစ်ဒုံးကျည်စမ်းသပ် မှုအပါအဝင် ဒုံးကျည်စမ်းသပ် ပစ်လွှတ်မှုပေါင်းခြောက်ကြိမ်ပြုလုပ် ခဲ့ပြီးနောက် မြောက်ကိုရီးယား နိုင်ငံက အဆိုပါအတိုင်းပြောကြား ခဲ့ခြင်းဖြစ်သည်ဟု ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

မိမိတို့၏ဒုံးကျည်စမ်းသပ်မှုများ သည် အမေရိကန်၏ တိုက်ရိုက် စစ်ရေးခြိမ်းခြောက်မှုရန်မှ နိုင်ငံ လုံခြုံရေးနှင့် ဒေသတည်ငြိမ်ရေးကို ကာကွယ်ရေးအတွက် ပြုလုပ်သော စမ်းသပ်မှုများ ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့အတူ မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုများသည် အိမ်နီး ချင်းနိုင်ငံများ၏ လုံခြုံရေး၊ အရပ် ဘက် လေကြောင်းခရီးစဉ်များ၏ လုံခြုံရေးကိုလည်း ခြိမ်းခြောက်နေ ခြင်းမရှိကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြ ထားသည်။

မြောက်ကိုရီးယား၏ ဒုံးကျည် စမ်းသပ်မှုများကို နိုင်ငံတကာမြို့ပြ လေကြောင်းအဖွဲ့က ရှုတ်ချခဲ့ပြီး နောက် ကေစီအင်န်အေ သတင်း ဌာန၏ အဆိုပါသတင်းထုတ်ပြန် ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယား ဒုံးကျည် စမ်းသပ်မှုများသည် နိုင်ငံတကာ အရပ်ဘက် လေကြောင်းခရီးစဉ် များအတွက် လုံခြုံရေးပြဿနာ တစ်ရပ်ဖြစ်သည်ဟု နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့က ဝေဖန် ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ CAPSTONE အာကာသယာဉ် လကမ္ဘာသို့ ဆက်လက်ပျံသန်းနေဆဲဖြစ်



**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ CAPSTONE အာကာသယာဉ်သည် မြေပြင်စခန်း၏ အပြည့်အဝထိန်းချုပ်မှုအောက် ပြန်မရောက်သေးသော်လည်း လကမ္ဘာသို့ဆက်လက်ပျံသန်းနေဆဲဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

လကမ္ဘာသို့ ခရီးနှင်နေသော CAPSTONE အာကာသယာဉ်သည် အခြေအနေတည်ငြိမ်နေသော်လည်း မြေပြင်စခန်း၏ အပြည့်အဝ ထိန်းချုပ်မှုအောက်သို့ ပြန်မရောက်သေးကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၈ ရက်က ပျံသန်းရာလမ်းကြောင်း ထိန်းညှိရေးအတွက် ဒုံးအင်ဂျင်စနစ်ဖွင့်ခဲ့ပြီးနောက် CAPSTONE အာကာသယာဉ်၏ စနစ်များ အလိုအလျောက်ပိတ်ခဲ့ရပြီး မြေပြင်နှင့်အဆက်အသွယ်ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် CAPSTONE အာကာသယာဉ်ကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားနေဆဲဖြစ်သည်။

နာဆာအဖွဲ့သည် CAPSTONE အာကာသယာဉ်ကို Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် ယခုနှစ် ဇွန် ၂၈ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Lunar Gateway လပတ်အာကာသစခန်း နေရာယူမည့်ပတ်လမ်း၏တည်ငြိမ်မှုကို လေ့လာရန် အလေးချိန် ၂၅ ကီလိုဂရမ်သာရှိသည့် CAPSTONE အာကာသယာဉ်ကို နာဆာက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO


## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၈**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် အောက်တိုဘာ ၆ ရက်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် Crew Dragon အာကာသလူသယ်ယာဉ်ကို အောက်တိုဘာ ၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ၂၉ နာရီကြာ ပျံသန်းခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Crew Dragon အာကာသလူသယ်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းတို့သည် အနောက်အာဖရိက ကမ်းရိုးတန်းကမ်းလွန်အတ္တလန္တိတ်သမုဒ္ဒရာဒေသအထက်တွင် ချိတ်ဆက်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်ပြီး ၁၀ မိနစ်အကြာတွင် Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် လိုက်ပါသွားသည့် အမေရိကန် အာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူးတစ်ဦးတို့သည် အာကာသစခန်းယာဉ်အတွင်း ဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ငါးလကြာနေထိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO

## ယခုမှစ၍ နှောင်နှစ်ပေါင်းသန်း ၃၀၀ အကြာတွင် ပစိဖိတ်သမုဒ္ဒရာကွယ်ပျောက်၍ မဟာတိုက်ဒေသကြီးတစ်ခု ပေါ်ထွက်မည်

**ကင်ဘာရာ အောက်တိုဘာ ၈**

ယခုမှစ၍ နှောင်နှစ်ပေါင်းသန်း ၃၀၀ အကြာတွင် ပစိဖိတ်သမုဒ္ဒရာကွယ်ပျောက်၍ ကမ္ဘာ့ပထဝီတိုက်ကြီးများ ပေါင်းစည်းကာ အမေရှားအမည်ရှိ မဟာတိုက်ဒေသကြီးတစ်ခု မြောက်ဝင်ရိုးစွန်းအနီး ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ ကာတင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံဖန်တီးလေ့လာမှုများအရ ကမ္ဘာ့ရှေးအကျဆုံးသမုဒ္ဒရာဖြစ်သော ပစိဖိတ်သမုဒ္ဒရာသည် ဒိုင်နိုဆောများ ရှင်သန်ဆဲခေတ်ကပင် စတင်ကျုံ့ဝင်လာကြောင်း သိရသည်။

လက်ရှိတွင်လည်း ပစိဖိတ်သမုဒ္ဒရာသည် တစ်နှစ်လျှင် စင်တီမီတာအနည်းငယ်မျှ ကျုံ့ဝင်နေကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပစိဖိတ်သမုဒ္ဒရာ ပျောက်ကွယ်မည့် နှောင်နှစ်သန်း ၃၀၀ အကြာတွင် ကမ္ဘာ့တိုက်ကြီးများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်စုစည်းမိလာမည်ဖြစ်ပြီး မြောက်ဝင်ရိုးစွန်းအနီး၌ အမေရှားမဟာပထဝီတိုက်သစ်အဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

မဟာပထဝီတိုက်ဒေသကြီးများသည် နှစ်ပေါင်းသန်း ၆၀၀ လျှင်တစ်ကြိမ်ကျ ပေါ်ထွက်လာတတ်ပြီး နောက်ဆုံးပေါ်ထွက်ခဲ့သော မဟာပထဝီတိုက်ဒေသမှာ လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၃၀၀ က ပေါ်ထွက်ခဲ့သည့် ပန်ဂျီယာမဟာပထဝီတိုက်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ပထမဆုံး မဟာပထဝီတိုက်ဒေသမှာ လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၃ ဘီလီယံက ပေါ်ထွက်ခဲ့သည့် ဗယ်လ်ဘာရာမဟာပထဝီတိုက် ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုကြောင့် ဂီလန်ဘာရေးရောဂါ မြင့်တက်လာမှုမရှိ

**နယူးယောက် အောက်တိုဘာ ၈**

ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုကြောင့် ဂီလန်ဘာရေး (Guillin Barre Syndrome) ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာမှုမရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က အောက် တိုဘာ ၇ ရက်က ရေးသား တင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံထားသူများကြားတွင် ဂီလန်ဘာရေးရောဂါဖြစ်ပွားနိုင်ခြေ မရှိကြောင်း အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဂီလန်ဘာရေး ရောဂါသည် အလွန်ရှားပါးသည့် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ တစ်မျိုးဖြစ်ပြီး လူ့ကိုယ်ခန္ဓာ ခုခံအားစနစ်က အာရုံကြောဆဲလ်စနစ်များကို မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

Johnson and Johnson ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားသူများ၌ ဂီလန်ဘာရေးရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ဖူးသည်။

သို့ရာတွင် မိမိတို့၏တွေ့ရှိချက်အရ ကိုဗစ်ကာကွယ်ဆေးများကြောင့် ဂီလန်ဘာရေးရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုမရှိကြောင်း ရပ်ဂျားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## ချောင်းအဆက်မပြတ်ဆိုးနေသူများအတွက် Gefapixant ဆေးက ကုထုံးသစ်ဖြစ်နိုင်

**လန်ဒန် အောက်တိုဘာ ၈**

Gefapixant အမည်ရှိ ဆေးဝါးသစ်တစ်မျိုးသည် တစ်နေ့ကုန် ချောင်းအဆက်မပြတ်ဆိုးမှုပြဿနာဖြင့် ရင်ဆိုင်နေရသူများအတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ Gefapixant ဆေးသည် အဆက်မပြတ်ချောင်းဆိုးမှုဝေဒနာကို ၆၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် Gefapixant ဆေး၏ အာနိသင်ကို အတည်ပြုရေးတွက် လူနာဦးရေ ၂၀၀၀ ကျော်ပါဝင်သည့် လက်တွေ့စမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါဆေးသည် ချောင်းအဆက်မပြတ်ဆိုးမှုကို ၆၀ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်ခဲ့ရာ လူနာများ၏ကောင်းစွာ အိပ်စက်ရချိန်ပိုများလာပြီး ရင်ဘတ်အောင့်မှု ပြဿနာလည်းလျော့ပါးသွားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အကယ်၍ ချောင်းအဆက်မပြတ်ဆိုးမှုကုထုံးအဖြစ် သက်ဆိုင်ရာ ဆေးဝါးအဖွဲ့အစည်းများက အတည်ပြုချက်ပေးခဲ့ပါက Gefapixant ဆေးသည် နှစ် ၅၀ အတွင်း ပထမဆုံးသော ချောင်းဆိုးပျောက်ဆေးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်ထိ အဆိုပါဆေးကို ဗြိတိန်နှင့် အမေရိကန် ဆေးဝါးလုံခြုံမှုကြီးကြပ်ရေးအဖွဲ့အစည်းများက ကုထုံးသစ်တစ်ခုအဖြစ် အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

KKO






# နယူးကာဆယ်အသင်းက မန်ယူကစားသမား လုခ်ရှောကိုခေါ်ယူရန် ကြိုးပမ်းနေ

**လန်ဒန် အောက်တိုဘာ ၈**

နယူးကာဆယ်အသင်းသည် လာမည့် ၂၀၂၃ ခုနှစ် နွေရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ဘယ်တောင်ပံ ခံစစ်ကစားသမား လုခ်ရှောကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း Footballin-sider.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်တောင်ပံ ခံစစ်ကစားသမား လုခ်ရှောသည် ယခုနှစ် ဘောလုံးရာသီ၌ နည်းပြသစ် တန်ဟတ်လက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ အသစ်ခေါ်ယူထားသည့် လူငယ်ကစားသမား မာလာစီယာ၏ နောက်တွင် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပါဝင်နေရသဖြင့် လာမည့် အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် ပရီးမီးယားလိဂ်ပြိုင်ဘက် နယူးကာဆယ်အသင်းက ခံစစ်ကစားသမား မက်တားဂတ်နေရာတွင် အစားထိုးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ လုခ်ရှောသည် ၂၀၁၄ ခုနှစ်က ဆောက်သမ်တန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၇ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံ ၂၁၈ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ယခုနှစ်တွင် နည်းပြသစ် တန်ဟတ်လက်ထက်၌ ပြိုင်ပွဲစုံငါးပွဲပါဝင်ခွင့်ရရှိခဲ့ကာ ပွဲထွက်ခွင့် နှစ်ပွဲသာရရှိခဲ့သောကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းက ကစားသမား၏ အခြေအနေကို စောင့်ကြည့်နေပြီး မန်ယူအသင်းကလည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကစားသမားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်မည်မဟုတ်သောကြောင့် မန်ယူအသင်းက တိကျသည့် ပြောင်းရွှေ့ကြေးသတ်မှတ်ပေးပါက တရားဝင်ကမ်းလှမ်းမှု ပြုလုပ်၍ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ML




**ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၁ | လက်စတာ |
| ချဲလ်ဆီး | ၃ | - | ၀ | ဝုဗ် |
| မန်စီးတီး | ၄ | - | ၀ | ဆောက်သမ်တန် |
| နယူးကာဆယ် | ၅ | - | ၁ | ဘရန့်ဖို့ဒ် |

**စပိန်လာလီဂါ ပွဲစဉ် (၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | ၃ | - | ၁ | ဗယ်လ်ကာနို |
| အေတီကို | ၂ | - | ၁ | ဂျီရိုနာ |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းက နည်းပြခရစ်ဝိုက်ဒါ၏နေရာတွင် မန်ယူအသင်းကစားသမားဟောင်း မိုက်ကယ်ကာရစ်နှင့်အစားထိုးနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဥရောပချန်ပီယံ အင်္ဂလန်အမျိုးသမီးအသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံ အမေရိကန်အမျိုးသမီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အင်္ဂလန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်း ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၃ မိနစ်တွင် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးအတွက်ပြန်လည်ဖိအားပေးကစားရန် ကြိုးစားခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်ရန် ခက်ခဲခဲ့ပြီး ပွဲချိန်ကြာလာသည်နှင့် ရှမ်းယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၅၀ တွင် ခံစစ်ကစားသမား နန္ဒကျော်က ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ပါရဲရားဦးဆောင်

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်တွင် ကျင်းပနေသည့် Shriners Children's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ချီလီဂေါက်သီးရိုက်ကစားသမား ပါရဲရားက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း SN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားရှယ်တန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင်ရပ်တည်နေပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မ်စီဝူ၊ ကင်မ်ဂျိုဟောင်နှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား မက်နယ်လေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပါရဲရားသည် ပထမနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယနေ့တွင် ရိုက်ချက်အကောင်းဆုံးရရှိခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကိုပါ ဦးဆောင်ခွင့်ရရှိခဲ့သည်။

ပါရဲရားက "ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒီပြိုင်ပွဲရဲ့ ပထမဦးဆုံးဆုဖလားကို ဆွတ်ခူးနိုင်ဖို့ပစ်မှတ်ထားနေပါတယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အရေးကြီးပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ဖို့က ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်ဖြစ်သလို President Cup အတွက် Team International မှာ ပါဝင်ခွင့်ရဖို့အတွက် အသင်းခေါင်းဆောင် ထရီဗာက စောင့်ကြည့်နေပါတယ်။ သူအထင်ကြီးလောက်တဲ့ စွမ်းဆောင်ရည်မျိုး ပြသနိုင်မှသာ ရွေးချယ်ခံရမှာဖြစ်တဲ့အတွက် ဒီပြိုင်ပွဲက ကျွန်တော့်အတွက် အရေးပါနေတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# ဘိုင်ယန်မြူးနစ်အသင်းကစားသမားဟောင်း ရိဘာရီ ယခုနှစ် ဘောလုံးရာသီမကုန်မီ ကစားသမားဘဝမှ အနားယူမည်

**ရောမ အောက်တိုဘာ ၈**

ဘိုင်ယန်မြူးနစ်အသင်းကစားသမားဟောင်း ရိဘာရီသည် ဒဏ်ရာပြဿနာကြောင့် ယခုနှစ် ဘောလုံးရာသီမကုန်ဆုံးမီ ကစားသမားဘဝမှ အနားယူရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ ရိဘာရီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြင်သစ်ကလပ် မက်အသင်းနှင့် ၂၀၀၄ ခုနှစ်က စတင်ခဲ့သူဖြစ်ပြီး အသင်းတွင် တစ်နှစ်ကြာ ကစားခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်က တူရကီကလပ် ဂါလာတာစာရေး အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် ဂါလာတာစာရေးအသင်းမှ ပြင်သစ်ထိပ်သီး မာဆေးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်တွင် ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ရိဘာရီသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းတွင် ၎င်းကစားခဲ့သည့်အချိန်တွင် ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ရိဘာရီသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဆယ်စုနှစ်တစ်ခုကျော်ကြာ ကစားခဲ့ပြီး ကစားသမားဘဝ အောင်မြင်မှုများစွာ ရယူနိုင်ခဲ့ကာ အသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀၄ ပွဲထိ ကစားခဲ့ရာ ၁၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဆုဖလားများစွာကို ဆွတ်ခူးနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ်က အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ရိဘာရီသည် ဖီအိုရင်တီးနားအသင်းမှ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က စီးရီးအေကလပ်ဆလာနီတာနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိတွင် ဒူးဒဏ်ရာကြောင့် အနားယူခဲ့ရကာ မကြာမီ ဒူးဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး ကစားသမားဘဝမှ အနားယူရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် အမ်ဘက်ပီ ထိပ်ဆုံး၌ရပ်တည်



**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Forbes မဂ္ဂဇင်းက ထုတ်ပြန်ခဲ့သည့် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် တိုက်စစ်မှူး အမ်ဘက်ပီက တိုက်စစ်မှူးမက်ဆီနှင့်စီရော်နယ်ဒိုတို့ကို ကျော်ဖြတ်၍ ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်သည့် တိုက်စစ်မှူး မက်ဆီသည် ပြီးခဲ့သည့် ၁၂ လတာ ကာလအတွင်း ဝင်ငွေ စတာလင်ပေါင် ၁၀၈ သန်း ရရှိခဲ့သော်လည်း အမ်ဘက်ပီမှာ ပီအက်စ်ဂျီအသင်းနှင့် လုပ်ခလစာတိုးမြှင့်၍ လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် ဝင်ငွေစတာလင်ပေါင် ၉၉ သန်း ရရှိခဲ့သည့်အပြင် အခြား စပွန်ဆာစာချုပ်များမှလည်း စတာလင်ပေါင် ၁၆ သန်း ရရှိခဲ့သဖြင့် စုစုပေါင်းဝင်ငွေ စတာလင်ပေါင် ၁၁၅ သန်းဖြင့် တိုက်စစ်မှူး မက်ဆီကို ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါ ကစားသမားစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒိုက မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပုံမှန်ပွဲကစားခွင့် မရရှိခဲ့သော်လည်း လုပ်ခလစာ စတာလင်ပေါင် ၃၆ သန်းထိ ရရှိခဲ့ပြီး Nike၊ Herbalife၊ Livescore ကဲ့သို့ အခြား စပွန်ဆာစာချုပ်များမှ စတာလင်ပေါင် ၅၄ သန်းထိ ရရှိနေသောကြောင့် စုစုပေါင်း စတာလင်ပေါင် သန်း ၉၀ ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး လူမှုကွန်ရက်မီဒီယာဖြစ်သည့်အင်စတာဂရမ်တွင်လည်း Followers ၄၈၆ သန်းထိရှိနေကြောင်း သိရသည်။

၎င်းတို့နောက်တွင် နေမာက အဆင့်(၄)၊ ဆာလာဟ်က အဆင့်(၅)၊ တိုက်စစ်မှူး ဟာလန်းက အဆင့် (၆)၊ လီဝမ်ဒေါ့စကီးက အဆင့်(၇)၊ ကွင်းလယ်ကစားသမား ဟာဇက်က အဆင့်(၈)၊ နည်းပြ အင်နီယေစတာက အဆင့်(၉)၊ ကွင်းလယ်ကစားသမား ဒီဘရိုင်းက အဆင့်(၁၀)တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ဂရစ်ဇ်မန်း၏အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဘာစီလိုနာနှင့် အတ်လက်တီကိုအသင်းတို့ သဘောတူညီမှုရရှိ

**ဘာစီလိုနာ အောက်တိုဘာ ၈**

ဘာစီလိုနာအသင်းမှ အတ်လက်တီကိုအသင်းသို့ နှစ်ရှည်ငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသည့် တိုက်စစ်မှူး ဂရစ်ဇ်မန်းအတွက် ကလပ်အသင်းနှစ်ခုကြား အပြီးသတ်သဘောတူညီမှု ရရှိခဲ့ကြောင်း မာကာသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အတ်လက်တီကို အသင်းအနေဖြင့် တိုက်စစ်မှူးဂရစ်ဇ်မန်းကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် နှစ်နှစ်အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး ကစားသမား၏ လုပ်ခလစာမြင့်မားမှုကြောင့် အပြီးသတ်ခေါ်ယူရန် ကြန့်ကြာခဲ့သော်လည်း ယခုအခါ ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အတ်လက်တီကိုအသင်းက ဂရစ်ဇ်မန်းကို လာမည့် ၂၀၂၆ ခုနှစ်ထိ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်တွင် အတ်လက်တီကိုအသင်းအနေဖြင့် တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ ၂၀၂၁ ခုနှစ် နွေရာသီအငှားစာချုပ်အတွက် ယူရို သန်း ၄၀ ကို ဘာစီလိုနာအသင်းသို့ ပေးချေရန်မလိုဘဲ ကစားသမား၏ လေးနှစ်စာချုပ်သစ်အတွက် တစ်နှစ်လျှင် လုပ်ခယူရိုသန်း ၂၀ နှင့် အပိုဆုကြေး နှစ်သန်းကိုသာ အတ်လက်တီကိုအသင်းက ပေးချေရမည်ဟု ကစားသမားနှင့် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၃ အာရှယူ-၁၇ ခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက အိန္ဒိယအသင်းကို လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၈**

ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၃ အာရှယူ-၁၇ ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် အောက်တိုဘာ ၇ ရက် ညပိုင်းက မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲချိန်အစောပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် အိန္ဒိယအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် နစ်နာခဲ့ရပြီး ပွဲချိန် ၂၇ မိနစ်တွင် ပီကာက အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရပြီးနောက် မြန်မာအသင်း အမှားအယွင်းများ ရှိလာခဲ့သဖြင့် အိန္ဒိယအသင်းက ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၃၂ မိနစ်နှင့် ၄၄ မိနစ်တွင် သန်ဂလယ်ဆောင်နှင့် ၃၄ မိနစ်တွင် ပီကာတို့က အိန္ဒိယအသင်းအတွက် ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် အိန္ဒိယအသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။



ထို့နောက် ပွဲချိန်ဒုတိယပိုင်းတွင် မြန်မာအသင်းအနေဖြင့် အမှားအယွင်းများပြင်ဆင်ပြီး ချေပဂိုးများအတွက် အိန္ဒိယအသင်းကိုပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀ တွင် ထူးဝေယံက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် အိန္ဒိယအသင်းက အနိုင်ရလဒ်ကိုထိန်းသိမ်းနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ အိန္ဒိယအသင်းက မြန်မာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တီယာဖိုးတက်ရောက်

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပနေသည့် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမားတီယာဖိုးနှင့် ဆားဘီးယားတင်းနစ်ကစားသမား ကက်မာနိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တီယာဖိုးက (၆-၀၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း The Nation သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကက်မာနိုဗစ်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသောရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည့်အတွက်ကြောင့် စိတ်ပျက်မိကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

တီယာဖိုးအနေဖြင့် ၂၀၂၂ ခုနှစ်တွင် လက်စွမ်းပြနေသည့် လူငယ်ကစားသမားတစ်ဦး ဖြစ်သကဲ့သို့ အောင်မြင်မှု ရယူနိုင်ရေးအတွက်လည်း ပစ်မှတ်ထားနေသူဖြစ်သည်။

တီယာဖိုးက "ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ပုံစံက တကယ့်ကို ပြီးပြည့်စုံတဲ့ပုံစံဖြစ်သလို ကျွန်တော်လိုချင်တဲ့ပုံစံလဲ ဖြစ်ပါတယ်။ ရိုက်ချက်အားလုံးကို သဘောကျသလို ပွဲအတွင်းလှုပ်ရှားမှုအားလုံးကလဲ အပိုအလိုမရှိလိုအပ်သလောက်ပဲ ကြံ့ခိုင်မှုကို အသုံးပြုခဲ့တယ်။ ရလဒ်ပိုင်းကို အားရကျေနပ်မှု ရှိတယ်ဆိုပေမဲ့ အချိန်ကွာဟချက်ကြီးမားတဲ့ ဂျပန်မှာ လာရောက်ကစားရတဲ့အတွက် အခက်အခဲတော့ရှိပါတယ်။ အမေရိကန်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကြား အချိန်ကွာဟချက် ကြီးမားတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ နေရထိုင်ရတာ အခက်အခဲလေး တွေ့ရှိတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ကော်နာဘန် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၈**

WBA Continental ဝယ်သာဝိတ်တန်းချန်ပီယံ ကော်နာဘန်သည် ခရစ်အူဘန့်ဂျူနီယာနှင့် ထိုးသတ်ရန်အတွက် တားမြစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ၊ မရှိကို စစ်ဆေးမှုခံယူခဲ့ရာတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် ကော်နာဘန်သည် ခရစ်အူဘန့်ဂျူနီယာနှင့် ထိုးသတ်ခွင့်ရတော့မည်မဟုတ်သည့်အပြင် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်တားမြစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရေးအဖွဲ့က ကော်နာဘန်၏ပြစ်ဒဏ်နှင့်ပတ်သက်ပြီးထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ကော်နာဘန်နှင့် ခရစ်အူဘန့်ဂျူနီယာတို့သည် ၎င်းတို့၏ ဖခင်လက်ထက်က အနိုင်အရှုံးမပြတ်သားခဲ့သည့်အတွက် ၎င်းတို့လက်ထက်တွင် အနိုင်အရှုံးပြတ်သားစေမည့် စိန်ခေါ်ပွဲကို ထိုးသတ်ရန် စီစဉ်ခဲ့သည်။

ကော်နာဘန်၏ ဖခင်ဖြစ်သူ နိဂယ်လ်ဘန်က "ကျွန်တော့်သားရဲ့ သတင်းအတွက် အရမ်းကိုအံ့ဩမိပါတယ်။ လူတွေကတော့ ကော်နာရဲ့ နည်းပြကို ဝေဖန်နေကြတယ်။ ကျွန်တော့်အမြင်ကတော့ ကော်နာရဲ့နည်းပြဟာ မိမိရဲ့ ကစားသမားကို ဒုက္ခရောက်အောင်လုပ်မဲ့သူမျိုး မဟုတ်ပါဘူး။ ကျွန်တော့်သားဟာ ဒီစိန်ခေါ်ပွဲအတွက် အပြင်းအထန်လေ့ကျင့်နေတာ ရက်သတ္တ ၁၀ ပတ်လောက်ရှိပြီ။ ကျွန်တော့်ဆန္ဒအရ ဆိုရင်တော့ ဝိတ်တွေအရမ်းလျှော့ပြီးစိန်ခေါ်ပွဲထိုးသတ်သွားရမှာဖြစ်လို့ အန္တရာယ်များတဲ့အတွက်ကော်နာကိုဒီစိန်ခေါ်ပွဲ မထိုးသတ်စေချင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုလိုတားမြစ်ဆေးဝါးသုံးစွဲထားတယ်ဆိုတဲ့ အခြေအနေမျိုးတော့ မရောက်စေချင်ဘူး။ ကျွန်တော့်သားဟာ ရည်ရွယ်ချက်ရှိရှိ အခုလိုတားမြစ်ဆေးဝါး သုံးစွဲမယ်လို့တော့မထင်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၉) ရလဒ်**

| | | |
|---|---|---|
| အော့စ်ဘတ် | ၁ - ၁ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၄ - ၀ | ရှော်ကေး |

**အီတလီစီးရီးအေ ပွဲစဉ် (၉) ရလဒ်**

| | | |
|---|---|---|
| ဆက်ဆူအိုလို | ၁ - ၂ | အင်တာမီလန် **(ဝ၄ဝ)** |

# စီးပွားရေးအလားအလာ ကောင်းမွန်နေသော ဗီယက်နမ်

မောင်သောင်းဝင်း(တမန်ဟောင်း)




နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းထိ တိုးတက်မှုရှိနိုင်ကြောင်း မကြာသေးမီအချိန်အတွင်းကပင် ပြန်လည်ခန့်မှန်းတွက်ချက်ခဲ့သည်။ အာရှနိုင်ငံများအနက် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပြန်လည်တွက်ချက်ရသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ပြီး အိန္ဒိယ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော ဒေသတွင်းစီးပွားရေးအင်အားကြီးနိုင်ငံများထက်ပင်လျှင် တိုးတက်လာခဲ့သည်။ အဆိုပါဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံများသည် ၂၀၂၂ ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း သုည ဒသမ ၇ ရာခိုင်နှုန်းမှ ၁ ဒသမ ၁ ရာခိုင်နှုန်းထိ လျော့နည်းခဲ့သည်။ အလားတူ ကမ္ဘာ့ဘဏ်(WB)ကလည်း ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၅ ဒသမ ၃ ရာခိုင်နှုန်းမှ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ယခုတစ်ပတ်အတွင်း ပြန်လည်တွက်ချက်ခဲ့ရာ အရှေ့အာရှနှင့် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးတိုးတက်မှုအမြင့်မားဆုံးနိုင်ငံဖြစ်လာခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်းကတည်းကပင် ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် သိသိသာသာဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးစီးပွားရေးလုပ်ငန်းမှသည် ဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးစီးပွားရေးအဖြစ်သို့ ပြောင်းလဲတိုးတက်လာခဲ့သည်။ တရုတ်နှင့်အမေရိကန်တို့ကြားအာဏာယှဉ်ပြိုင်မှု မြင့်တက်လာချိန်တွင် ဗီယက်နမ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးထားလုပ်ဆောင်လာခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ အမေရိကန်တပ်များဆုတ်ခွာသွားပြီးနောက် ဗီယက်နမ်၏စီးပွားရေးသည် ဗဟိုချုပ်ကိုင်သည့်မူဝါဒကြောင့် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပြီး စစ်ဘေးဒဏ်သင့်မှုနှင့် ကုန်ထုတ်လုပ်ငန်းနိမ့်ကျခြင်းတို့ကြောင့် ပြည်ပပို့ကုန်အပေါ် များစွာမှီခိုအားထားခဲ့ရသည်။ ထိုအတောအတွင်း ခမာအစိုးရဖယ်ရှားရေးအတွက် ၁၉၇၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံကို ဗီယက်နမ်နိုင်ငံ၏ကျူးကျော်တိုက်ခိုက်မှုသည် စီးပွားရေးပိုမိုကျပ်တည်းလာစေခဲ့သည်။ အရင်းအမြစ်များကို စစ်ပွဲအတွက်သုံးစွဲခဲ့ရသည့်အပြင် အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုများ၊ တရုတ်နိုင်ငံ၏ တုံ့ပြန်ကျူးကျော်တိုက်ခိုက်မှုများအပါအဝင် နိုင်ငံတကာ၏ဖိအားပေးမှုများသည် ဗီယက်နမ်နိုင်ငံကို ပိုမိုချည့်နဲ့လာစေခဲ့သည်။ ထိုသို့စီးပွားရေးကျဆင်းလာမှုများနှင့် ကမ္ဘာလုံးဆိုင်ရာတင်းမာမှုများကြောင့် ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် အရှေ့တောင်အာရှတွင်အဆင်းရဲဆုံးဖြစ်ခဲ့ရပြီး ၁၉၈၅ ခုနှစ်တွင် GDP တိုးတက်မှု ၂ ဒသမ ၈ ရာခိုင်နှုန်းသာရှိခဲ့သည့်အပြင် ၁၉၈၆ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ၃၇၈ ရာခိုင်နှုန်းထိရှိလာခဲ့သည်။

မည်သို့ပင်ဆိုစေ ဗီယက်နမ်ကွန်မြူနစ်ပါတီ (VCP) သည် ၁၉၈၆ ခုနှစ်တွင် တိုင်းပြည်စီးပွားရေးကို ဗဟိုချုပ်ကိုင်သည့်ပုံစံမှသည် အရင်းအမြစ်ခွဲဝေသုံးစွဲသည့် ဈေးကွက်ပုံစံသို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ထိုသို့ ပြုပြင်ပြောင်းလဲဖော်ဆောင်ခဲ့သည့်စီးပွားရေးတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပုဂ္ဂလိကများ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခြင်းနှင့် စုပေါင်းလယ်ယာစနစ်ဖျက်သိမ်းခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထိုသို့စီးပွားရေးပြုပြင်ပြောင်းလဲမှုများဖော်ဆောင်မှုနှင့်အတူ ဗီယက်နမ်နိုင်ငံ၏စစ်တပ်သည် ၁၉၈၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှပြန်လည်ရုပ်သိမ်းခဲ့ပြီး ကမ္ဘာ့သမိုင်းတွင် တိုင်းပြည်ကိုစီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သည့်လမ်းကြောင်းပေါ်သို့ တင်ပို့နိုင်ခဲ့သည်။

VCP က ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံသည် ဒေသတွင်း၌ အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆင်းရဲမှုနှုန်းသည် ၇၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တစ်နှစ်တည်း၌ပင်လျှင် ပြည်သူ ၁၀ သန်းကျော်ကို ဆင်းရဲမွဲတေမှုအခြေအနေမှကယ်ထုတ်နိုင်ခဲ့သည်။ တိုင်းပြည်၏ တစ်ဦးချင်း GDPသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ဒေါ်လာ ၃၀၀ သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၀၀ ထိရှိခဲ့သောကြောင့် တစ်ဦးချင်း GDPကိုးဆခန့်မြင့်တက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့သည့်အချိန်တွင် လုပ်သားများ၏ကျွမ်းကျင်မှုမှာ နိမ့်ပါးနေဆဲဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အထည်အလိပ်၊ ဖိနပ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများထုတ်လုပ်ရေးအတွက် ကမ္ဘာ့အရောင်းကွင်းဆက်၏ အဓိကကျသော အစိတ်အပိုင်းလည်းဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အထည်အလိပ်နှင့် ဖိနပ်လုပ်ငန်းသည် ပြည်ပပို့ကုန်အားလုံး၏ ၁၈ ရာခိုင်နှုန်းထိရှိခဲ့ပြီး လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသည် ၄၀ ရာခိုင်နှုန်းထိရှိခဲ့သည်။ အဓိက ကုမ္ပဏီကြီးများဖြစ်သည့် Adidas၊ Nike နှင့် Samsung တို့သည် အခြားကုမ္ပဏီကြီးများနှင့်အတူ ဗီယက်နမ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)သည် ၁၉၈၆ ခုနှစ်ကတည်းက အဆ ၂၀၀ ကျော်မြင့်တက်လာရာ ၁၉၈၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀၀၀၀ သာရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံထိရှိလာခဲ့သည်။ အလားတူ ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ၂၀၂၀ ခုနှစ်တွင် ၁၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

မကြာသေးမီအချိန်အတွင်းကပင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်နှင့် တရုတ်တို့ကြား ယှဉ်ပြိုင်မှုမှ FDI အကျိုးအမြတ်များစွာရရှိလာခဲ့သည်။ အမေရိကန်နှင့် တရုတ်တို့ကြား တင်းမာမှုများမြင့်တက်လာသည့်အချိန်တွင် တရုတ်ကွန်မြူနစ်ပါတီသည် ပြည်ပစီးပွားရေးရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မှုလျော့နည်းလာခဲ့သည့်အပြင် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးမူဝါဒသည် စီးပွားရေးလုပ်ငန်းများအတွက် အကျပ်အတည်းပိုမိုဖြစ်ပေါ်လာခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများသည် အရောင်းကွင်းဆက်အတွက် လုပ်သာကိုင်သာရှိသောနေရာအသစ်များ ရှာဖွေလာခဲ့ကြသည်။ ၂၀၂၀ ခုနှစ် တစ်နှစ်တည်း၌ပင်လျှင် ပြည်ပကုမ္ပဏီ ၁၁၀၀၀ ခန့်သည် တရုတ်နိုင်ငံတွင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်နေရာမှ ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ တရုတ်နိုင်ငံတွင် ကာလရှည်ကြာထုတ်ကုန်ပစ္စည်းများထုတ်လုပ်လျက်ရှိသော Apple၊ Samsung နှင့် Hasbro တို့အနေဖြင့်လည်း အခြားကုမ္ပဏီများနည်းတူလုပ်ငန်းလုပ်ကိုင်မှုလျှော့ချသွားရန်ဆုံးဖြတ်ခဲ့ကြသည်။



စီးပွားရေးကုမ္ပဏီကြီးများသည် ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသည့်နေရာသို့ ရွှေ့ပြောင်းလာသဖြင့် ဗီယက်နမ်နိုင်ငံသည် အကျိုးကျေးဇူးများစွာဖြစ်ထွန်းခဲ့သည်။ အခြေခံအဆောက်အအုံများဖွံ့ဖြိုးလာခြင်း၊ စီးပွားရေးဝန်းကျင်ကို အထောက်အကူပြုခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့သော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ကုစားရာတွင် အောင်မြင်မှုများရရှိခဲ့သည်။ သာဓကအနေဖြင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်လျက်ရှိသော Foxconn ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် စက်ရုံအသစ်တစ်ခုတည်ဆောက်ရန် အမေရိကန်ဒေါ်လာသန်း ၃၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကြေညာခဲ့သည်။ Google ကလည်း ၎င်း၏ Pixel Phones ထုတ်လုပ်မှုလုပ်ငန်းထက်ဝက်ခန့်ကို ဗီယက်နမ်နိုင်ငံသို့ ရွှေ့ပြောင်းသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သလို Microsoft ကလည်း ၎င်း၏ Xbox ထုတ်လုပ်မှုကို ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယခင်က အဆိုပါကုမ္ပဏီကြီးများသည် တရုတ်နိုင်ငံတွင်သာကုန်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဗီယက်နမ်နိုင်ငံ၏ FDI သည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ၈ ဒသမ ၉ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။

သို့သော် ဗီယက်နမ်နိုင်ငံသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများစွာရှိနေဆဲပင်ဖြစ်သည်။ ကန့်သတ်မှုအရှိဆုံးအချက်သည် တိုင်းပြည်လူဦးရေပင်ဖြစ်ပြီး တရုတ်နိုင်ငံနှင့်ယှဉ်လျှင် လူဦးရေအနည်းငယ်သာရှိသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၏ လုပ်သားစွမ်းအားသည် ကျွမ်းကျင်မှုနိမ့်ပါးနေဆဲဖြစ်သည်။ အလားတူ စွမ်းအင်လိုအပ်ချက်မှာလည်း ထုတ်လုပ်နိုင်မှုထက် မြင့်မားလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း အခြေခံအဆောက်အအုံတိုးတက်မှုရှိသော ကမ္ဘာ့နိုင်ငံ ၁၆၈ နိုင်ငံအနက် အဆင့်(၄၇)တွင်သာရှိနေဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဗီယက်နမ်နိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများစွာရှိခဲ့သည်။ အထူးသဖြင့် FDI များစွာကိုဆွဲဆောင်နိုင်ခဲ့သည်။ ထို့ပြင် အမေရိကန်နှင့်တရုတ်တို့ကြား ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းသည် ကုန်ထုတ်လုပ်မှုများနှင့် စားသုံးမှုများကျဆင်းလာစေခဲ့သည်။ ထိုသို့သောအခြေအနေမျိုးတွင် ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သဖြင့် အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ ပိုမိုပိုင်ဆိုင်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**- Why Vietnam's Economic Future is Bright-and Growing Brighter by the Diplomat.**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win inspects preparations for 23rd Myanmar Traditional Cultural Performing Arts Competitions






Vice-Senior General Soe Win observes the performance of a traditional orchestra.

**Nay Pyi Taw October 8**

Patron of Leading Organizing Committee on the 23rd Myanmar Traditional Cultural Performing Arts Competitions Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win inspected preparations for the success of the competitions this evening.

The Vice-Senior General, accompanied by Union ministers Lt-Gen Soe Htut and U Ko Ko, Nay Pyi Taw Council chairman, deputy ministers and officials, visited Myanmar International Convention Centre 2, National Library, National Museum, and Yadana Hall, practicing theatres at the Ministry of Religious Affairs and Culture in Nay Pyi Taw in the evening and inspected the preparations to hold the competitions. He also looked into the requirements presented by officials.

The Vice-Senior General and party inspected the hostels, dining rooms, kitchens, food stalls and shops set up at the Transit and Accommodation Centre in Nay Pyi Taw for contestants and judges, subcommittee-wise accomplishments and organizing of health and prevention teams, and made arrangements to facilitate the functions. He also cordially conversed with judges and contestants who are staying at the hostels. 100



Vice-Senior General Soe Win inspects preparations for Myanmar Traditional Cultural Performing Arts Competitions at MICC-2.



Vice-Senior General Soe Win visits a shop.



Vice-Senior General Soe Win cordially greets judges.

# Plan to mark 67th Anniversary Kayin State Day which falls on 7 November



64th Anniversary Kayin State Day Celebration in progress.

**Hpa-an October 8**

Kayin State government on 30 September stated that it will organize the 67th Anniversary Kayin State Day which falls on 7 November 2022.

The ceremony is slated to hold opening of the archway, exhibition, shows and contests, Kayin don dance contest, traditional boxing, sport activities and funfairs from 7 to 10 November.

A total of 14 supporting committees have been formed to facilitate the ceremony.

On 30 September, the meeting to hold the commemorative ceremony took place at the office of Kayin State government. The ceremony is held annually on 7 November but the 65th ceremony was reduced to minimum due to outbreak of Covid-19.

In the 66th ceremony, authorities presented awards to winners in the top taxpayer contest, livestock, agriculture, sports at university, football, vegetable and fruit outstanding awards, totalling 60. The 1st Kayin State Day was held on 1 June 1955.

Kayin State Day was designated from formation of Thanlwin District on 7 November at the 14th ceremony on 25 February 1956. 336

# Charter car services increase as holidays come in Myanmar

**Yangon October 8**

As booking for hiring cars and buses for Thadingyut holidays increases, the charter bus market has become active, according to Myanmar Charter Vehicle Service Association.

With the Thindingyut holidays coming soon, families, friends, companies or associations are preparing for travelling, paving the way for the charter car and vehicle market to become active, especially in Yangon Region.

The market is usually dull in the monsoon and becomes active again during the winter and summer. However, it had been somewhat dull from 2020 until earlier this year due to the Covid-19 global pandemic.

Since the last week of September this year, booking services for car rental have been increasing as holidays such as the Thadingyut festival come. When it comes to charter service, vehicles such as Super Customs and Light Trucks and express buses are most hired.

Travels for local destinations during holidays are mainly the Chaungtha and Ngwehsaung beaches, Khaikhtiyo Pagoda, Bagan and PyinOoLwin.

Rentals for charter services are from K500,000 to K700,000 per car. For visits in Yangon city alone, rents are from K100,000 to K120,000. 336

# Yangon Region to continue farmer awareness campaign to uplift socio-economic status

**Yangon October 8**

Yangon Region Irrigation and Water Utilization Management Department stated that farmer awareness campaigns will be continued in Yangon Region in order to develop irrigation system and raise the socio-economic life of local farmers.

The region department implemented the cooperative irrigation system participated with local water users in order to efficiently use irrigated water and ensure sustainability of irrigation structures.

As such, 196 water user groups have been formed in Yangon Region with more than 3,200 farmers. Those user groups are to cooperate with each other in respective feeder canals.

The awareness campaigns comprise transforming of manual to mechanized farming, irrigation water management and role of water users, use of fertilizers, land utilization, selection of quality strains of crops, cultivation of paddy, beans and sunflowers, taxes for water and embankment, pest and crop subjects.

On 30 September, a meeting on enhancement of social economic status of farmers and improvement of cooperative irrigation system took place at the head office of Yangon Region Department. 336



Irrigation tasks being carried out at a farm.

# Mid-year Myanmar Gems Emporium 2022 to be held in Nay Pyi Taw this month

**Nay Pyi Taw October 8**

Mid-year Myanmar Gems Emporium 2022 will be held in Nay Pyi Taw in October, according to sources released by the central committee for organizing the emporium on 2 October.

The event is to be held at Mani Yadana Jade Hall from 19 to 25 October with sales of locally produced peal and jade lots and jewelries.

Myanmar citizens engaging in gems mining in accord with the gems law and permission granted, gems entrepreneurs and gems and jewelries businesses will be allowed to attend the mid-year emporium and buy those products in line with the set requirements.

For detailed information, contact the Central Committee for Myanmar Gems Emporium, Myanmar Gems Enterprise (Nay Pyi Taw) and Myanmar Pearl Enterprise (Nay Pyi Taw).

Geographically, Myanmar is blessed with about 75 kinds of gems. For the first time, Myanmar Gems Emporium was held in 1964 in Yangon to sell Myanmar gems for foreign currencies. Of a total of 96 events, 19 were held with the sales of the country's gems for local currency.

From a mid-year event in November 2010 to Mini-Gems Emporium in 2021 with a total of 17 events, pearl and jade lots were sold. 336



A previous gems emporium in progress.

# Kayin State to extend cultivation of oil crops for cent per cent oil suffiency

**Hpa-an October 8**

Kayin State government on 1 October stated that a plan is underway to extend sown acreage of oil crops for ensuring oil sufficiency in the state.

It aims to meet the cent per cent oil sufficiency, up from 70 per cent in the state.

On 30 September, sunflower seeds and fertilizers were provided to local growers in Hpa-an. Officials of Agriculture Department gave talks on agricultural techniques for cultivation of sunflower.

Kayin State cultivated some acres of sunflower last year. This year, a plan was set to increase sown acreage of sunflowers. So, authorities provided sunflower seeds and fertilizers to local farmers.

Kayin State government is emphasizing development of agriculture sector while carrying out promotion and protection of the benefits of local farmers.

At the ceremony, authorities presented 1,806 kilos of sunflower seeds, 200 bags of natural fertilizers and 150 bags of urea fertilizers to the local farmers from 10 villages of Hpa-an Township. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဒေသသစ်များကို နိုင်ငံတော်ဘဏ္ဍာရေးပံ့ပိုးမည့်အစီအစဉ် ရုရှားနိုင်ငံ ကြေညာ



ရုရှားနိုင်ငံ၏ ဒေသသစ်များဖြစ်သည့် Donetsk နှင့် Lugansk ပြည်သူ့သမ္မတနိုင်ငံအပြင် Kherson နှင့် Zaporozhye ဒေသတို့ကိုပံ့ပိုးရန် နိုင်ငံတော်ဘဏ္ဍာရေးအစီအစဉ်ကို ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အောက်တိုဘာ ၅ ရက်က ကြေညာခဲ့သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါနယ်မြေများသည် ကြီးမားသော စီးပွားရေးနှင့် စက်မှုလုပ်ငန်းအလားအလာများရှိကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဦးစားပေးဆက်ဆံမှုဖြင့် ဒေသသစ်များအတွက် လွတ်လပ်သောစီးပွားရေးဇုန်တစ်ခု ဖန်တီးခြင်းဆိုင်ရာ ဖက်ဒရယ်ဥပဒေတစ်ရပ်ကို ၎င်း၏ မူဘောင်အတွင်း အာမခံချက်ပေးထားပြီး အခွန်ကောက်ခံမှုနှင့် အခွန်မပါသော အစီအစဉ်များကို အတည်ပြုထားသည်။ ၎င်းတို့သည် ကရိုင်းမီးယားနှင့် ဆီဗာစတိုပိုလ်၏ လွတ်လပ်သောစီးပွားရေးဇုန်တွင် ပေးထားသည်များနှင့်ဆင်တူသည်။

ရုရှားဖက်ဒရေးရှင်းတွင် နယ်မြေသစ်များဝင်ရောက်ခြင်းသည် သတ္တုလုပ်ငန်း ၂၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးကဏ္ဍ ခြောက်ရာခိုင်နှုန်း၊ ဂျုံ ပြောင်းထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်း၊ နေကြာ ၂၀ ရာခိုင်နှုန်း ကျော်၊ ထိုကဲ့သို့သော အဓိကကဏ္ဍများအတွက် နိုင်ငံလုံးဆိုင်ရာ ညွှန်းကိန်းများ တိုးပွားလာစေရန် သေချာစေလိမ့်မည်ဟု ဒုတိယဝန်ကြီး ဆာဂျီနာဇာရော့ဗ်က ပြောကြားခဲ့သည်။

ဒေသသစ်များ၏ စုစုပေါင်းထုတ်ကုန်သည် ငါးနှစ်အတွင်း ရှဘယ် သုံးထရီလီယံ ရှိလာမည်ဖြစ်ကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ဆာဂျီနာဇာရော့ဗ်၏အဆိုအရ အထူးပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုဝင်ငွေခွန်မှ ၁၀ နှစ် ကင်းလွတ်ခွင့်နှင့် ဒေသဆိုင်ရာ ဘတ်ဂျက် ၁၃ ဒသမ ၅ ရာခိုင်နှုန်းထက် မပိုသော ငွေပေးချေမှုကို ထည့်သွင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၅ ရက် နံနက်က ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒေသသစ်များနှင့် ပေါင်းစည်းရေးသဘောတူစာချုပ်လေးခုကို လက်မှတ်ရေးထိုးခဲ့ပြီး စက်တင်ဘာလ့ထုဆန္ဒခံယူပွဲ၌ ရုရှားနှင့် ပူးပေါင်းရန် တစ်ခဲနက်မဲပေးခဲ့ကြသည်။

**Russia sets out how it will financially support new regions ကို ဘာသာပြန်ဆိုပါသည်။**

## နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ ညွှန်ကြားရေးမှူးချုပ် Rafael Grossi ယူကရိန်းသို့ ထွက်ခွာ

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ ညွှန်ကြားရေးမှူးချုပ် Rafael Grossi သည် ယူကရိန်းသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်က Twitter တွင် ရေးသားခဲ့သည်။

"အရေးကြီးတဲ့ အစည်းအဝေးတွေ လုပ်ဖို့ ယူကရိန်းကို သွားနေပါတယ်။ Zaporizhzhye (Zaporozhye - TASS) နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ဝိုက်မှာ Nuclear Safety and Security Protection Zone (NSSPZ) လိုအပ်မှုဟာ အခုအခါမှာ အရင်ကထက်ပိုကျပ်တည်းနေပါတယ်"ဟု Grossi က တွစ်တာတွင် ရေးသားခဲ့သည်။

IAEA ညွှန်ကြားရေးမှူးချုပ် Rafael Grossi သည် အစောပိုင်းက အာမေးနီးယားသို့သွားရောက်ခဲ့ပြီး Zaporozhye NPP အနီးတစ်ဝိုက်တွင် နျူကလီးယား ဘေးကင်းရေးနှင့် လုံခြုံရေးဇုန်တစ်ခု ထူထောင်ရန်အတွက် ယူကရိန်း အစိုးရနှင့် ဆက်လက်ညှိနှိုင်းရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်။

Energodar မြို့တွင် တည်ရှိသော Zaporozhye နျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားတပ်ဖွဲ့ဝင်များက ထိန်းချုပ်ထားပြီး Grossi ဦးဆောင်သော IAEA ၏ အချက်အလက်ရှာဖွေရေးမစ်ရှင်သည် စက်တင်ဘာလ အစောပိုင်းတွင် အဆိုပါစက်ရုံသို့ ရောက်ရှိကြည့်ရှုခဲ့ပြီးဖြစ်သည်။ ၎င်းတို့အဖွဲ့ထွက်ခွာပြီးနောက် အေဂျင်စီ၏ ဝန်ထမ်းနှစ်ဦးသည် လေ့လာသူအဖြစ် စက်ရုံတွင် ဆက်လက်ကျန်ရှိခဲ့သည်။ ထို့နောက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) သည် ပစ်ခတ်တိုက်ခိုက်နေမှုများကြောင့် ဖြစ်ပွားနိုင်သည့် အဖြစ်အပျက်များကို တားဆီးရန်အတွက် စက်ရုံတစ်ဝိုက်တွင် ဘေးကင်းရေးဇုန်တစ်ခု ထူထောင်ရန် တောင်းဆိုသည့်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

**IAEA chief Grossi says he is on his way to Kiev ကို ဘာသာပြန်ဆိုပါသည်။**



## အမေရိကန်နှင့် ရုရှားက နျူကလီးယားစစ်ဆေးရေးဆိုင်ရာဆွေးနွေးပွဲ ပြန်လည်စတင်ရန် ဆောင်ရွက်နေ

New START စာချုပ်အရ နျူကလီးယားစစ်ဆေးရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးတွင် အမေရိကန်နှင့် ရုရှားတို့သည် သိသာထင်ရှားသော တိုးတက်မှုများရရှိရန် ဆောင်ရွက်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကို ကိုးကား၍ Izvestia သတင်းစာက အောက်တိုဘာ ၆ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နှင့်ရုရှားတို့သည် နျူကလီးယားလက်နက်များ အပြန်အလှန်စစ်ဆေးခြင်းကို ပြန်လည်အသက်သွင်းရန်နည်းလမ်းရှာဖွေနေကြောင်း၊ စိစစ်ရေးယန္တရားများနှင့်ပတ်သက်၍ စာချုပ်ကိုအပြည့်အဝ အကောင်အထည်ဖော်ခြင်း သို့မဟုတ် မည်သို့ပြန်သွားရမည်ကို သက်ဆိုင်ရာလမ်းကြောင်းများမှတစ်ဆင့် ညှိနှိုင်းနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုထားသည်။

ရုရှားနှင့်အမေရိကန်တို့က အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်လိုအပ်ချက်များအကြောင်း ဆွေးနွေးနေကြသည်ဟု ၎င်းက Izvestia သတင်းဌာနသို့ ပြောကြားခဲ့သည်။ ပြဿနာများစွာကိုကုစားရန် သိသာထင်ရှားသောတိုးတက်မှု ရရှိထားပြီးဖြစ်သော်လည်း အချို့သောထည့်သွင်းစဉ်းစားနေရသည့် အခက်အခဲများ ကျန်ရှိနေသေးကြောင်း သိရသည်။



အဆိုပါအခက်အခဲများတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်သော ကိစ္စရပ်များအပါအဝင် နောက်ဆုံးသဘောတူညီချက်ရရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ နောက်ထပ်အဓိက အတားအဆီးတစ်ခုကတော့ ယူကရိန်းအရေးနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများက ရုရှားနိုင်ငံ ကျွမ်းကျင်ပညာရှင်များကို အမေရိကန်သို့ ခရီးသွားလာခွင့် တားဆီးပိတ်ပင်ထားမှုဖြစ်သည်။

အနောက်နိုင်ငံများမှ ပိတ်ဆို့အရေးယူမှုများချမှတ်ပြီးနောက် "စစ်ဆေးရေးကာလအတွင်း ဝန်ဆောင်မှုတွေအတွက် ငွေပေးချေမှုအခက်အခဲတွေနဲ့အတူ အကူးအပြောင်းကာလမှာ ဗီဇာပြဿနာတွေ စတင်ပေါ်ပေါက်လာပါတယ်။ ဒါတွေအားလုံးက အမေရိကန်နိုင်ငံနယ်မြေမှာ စစ်ဆေးရေးတွေကို အတားအဆီးကင်းကင်းနဲ့ ဆောင်ရွက်နိုင်မှုအပေါ် ထိထိရောက်ရောက် တားဆီးပိတ်ပင်ထားပါတယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားစစ်ဆေးရေးမှူးများသည် အမေရိကန်သို့ မရောက်ရှိနိုင်သော်လည်း အမေရိကန်အရာရှိများတွင် ထိုကဲ့သို့သော ပြဿနာမျိုးမရှိပေ။ အမေရိကန်ဘက်က တစ်ဖက်သတ် အသာစီးရနေသည့် သဘောဖြစ်သည်ဟု Izvestia သတင်းစာက ရေးသားဖော်ပြထားသည်။

ဩဂုတ်လအစောပိုင်းတွင် ရုရှားသည် စစ်ဆေးရေးမှူးများကို ၎င်းတို့၏ တာဝန်များ မထမ်းဆောင်နိုင်စေရန် တားဆီးထားသည့် ပိတ်ဆို့အရေးယူမှုများကိုကိုးကားပြီး New START စစ်ဆေးရေးအဖွဲ့မှ ယာယီနုတ်ထွက်ကြောင်း အမေရိကန်သို့ အကြောင်းကြားခဲ့သည်။ ၎င်းတို့တွင် ရုရှားစစ်ဆေးရေးမှူးများအပေါ် ဗီဇာကန့်သတ်ချက်နှင့် အမေရိကန်နှင့် အီးယူလေပိုင်နက်အတွင်း ရုရှားလေယာဉ်များကို ပိတ်ပင်မှုတို့ပါဝင်သည်။

**US and Russia make headway in nuclear talks – media ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၆၉၂၈ ဧက စိုက်ပျိုးမည်



**ရေကြည် အောက်တိုဘာ ၈**

ရေ၀တီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၆၉၂၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငါးသိုင်းချောင်းမြို့တွင် ဆောင်းသီးနှံစိုက်ရာသီ၌ ဆီထွက်သီးနှံနေကြာသီးသန့် ၅၁၉၆ ဧကနှင့် သီးညှပ် ၁၇၃၂ ဧက စုစုပေါင်း ဆီထွက်သီးနှံနေကြာ ၆၉၂၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာ ၆၉၂၈ ဧကလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်စေရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးသိုင်းချောင်းမြို့မှာ ဆီထွက်သီးနှံနေကြာ စုစုပေါင်း ၆၉၂၈ ဧကလျာထားစိုက်ပျိုးသွားဖို့ရှိတယ်။ ဆီထွက်သီးနှံနေကြာတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးမှာဖြစ်တယ်။ ငါးသိုင်းချောင်းမြို့နေတောင်သူတွေက နှမ်းစပါးနဲ့မိုးစပါးကို အဓိကစိုက်ပျိုးကြတယ်။ ဒါပေမဲ့ ဒီနှစ်တော့ နိုင်ငံတော်အစိုးရရဲ့ ဆီထွက်သီးနှံစိုက်ပျိုးရေး စီမံချက်အရ စိုက်ပျိုးသွားမှာဖြစ်တယ်။ ဆီထွက်သီးနှံနေကြာကို စတင်စိုက်မဲ့အချိန်ကနေ ရိတ်သိမ်းတဲ့အချိန်ထိ စနစ်တကျ ကူညီဆောင်ရွက်စိုက်သွားမှာဖြစ်တယ်"ဟု ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးနွယ်က ပြောပြသည်။

ငါးသိုင်းချောင်းမြို့နယ်တွင် ဆောင်းသီးနှံများကို လာမည့်နို၀င်ဘာလတွင် စတင်စိုက်ပျိုးရန်ပြင်ဆင်ထားပြီး ဆီထွက်သီးနှံနေကြာကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည့်အရာများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ချိတ်ဆက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် မောင်းတုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်၀င်ငွေတို့ဖြင့် ဆင်ပေါင်ဝဲမြို့နယ် မောင်းတုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက် ၉ နာရီက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မောင်းတုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အဆိုပါ မောင်းတုန်းကျေးရွာ ကျေးရွာတွင်း နှစ်ဘီးသွား ကွန်ကရစ်လမ်းအရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ထည့်ဝင်ငွေကျပ် ၄၇ ဒသမ ၇၇၅ သိန်းစုစုပေါင်းငွေကျပ် ၁၄၇ ဒသမ ၇၇၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# ရေနံ့ချောင်းမြို့နယ် ဒဏ်ကုန်းဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**ရေနံ့ချောင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံ့ချောင်းမြို့နယ် ဒဏ်ကုန်းဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ရေနံ့ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းနှင့်ပတ်သက်သည့်စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းရန်၊ ချေးငွေနှင့်အတိုးနှုန်းများကို သတ်မှတ်ကာလအတွင်း မပျက်မကွက် ပေးဆပ်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် ဒဏ်ကုန်းဟောင်းကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များက ဒဏ်ကုန်းဟောင်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးတို့ကို စိုက်ပျိုးဧက ၂၀ ဒသမ ၂၅ ဧကအတွက် ငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထုတ်ချေးပေးအပ်ပွဲသို့ မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ဒဏ်ကုန်းဟောင်းကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နွဲ့ယဉ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၄၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၆၆၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ၁ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# သီတင်းကျွတ်လပြည့်နေ့ အကြို(အဖိတ်နေ့)ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ စုပေါင်းဆက်ကပ်ပူဇော်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများစုပေါင်း ပူဇော်ဆက်ကပ်ပွဲကို ယနေ့ ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံး ဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်း အဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာ ပြည်သူများက ရွှေးဟောင်းဗုဒ္ဓရုပ်ပွားတော် များ တန်ဆောင်းစုရပ်မှ လျှပ်စစ်မီးစေတီ များ ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော် မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီ တော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နီလာ နီလာ အစချီသော မဟာပဋ္ဌာန်း ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားရှင် ကို ပင့်လျှောက်ခြင်း၊ သောဝဏ္ဏကုံ အစချီသော ရွှေတိဂုံဘုရားရှိခိုးဂါထာတော် ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ခြင်း၊ ဘဂဝန်ဘုန်းလှိုင် အစချီသော မဟာ ပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆို တိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော် ခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ် ဆိုခြင်း တို့ကိုဆောင်ရွက်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက စုပေါင်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည် ရှိ ဆီမီးခုံများ၌ ဆီမီးများထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို စကားအင်းအဝိုင်းမှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်းထိ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများလိုက်ပါလျက် တံတားဦးမြို့နယ် စကားအင်းအဝိုင်းမှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်းအထိ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်နေသည့်ဌာနဆိုင်ရာများအနေဖြင့် မိမိပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးကို အမြဲထိန်းသိမ်းဆောင်ရွက်ရေးနှင့် စေတနာထားကာ လုပ်ကိုင်ဆောင်ရွက်ရေး၊ ပြည်တွင်း ပြည်ပခရီးသွားများ ဖြတ်သန်းသွားလာနေသည့်အတွက် သာယာလှပရေးနှင့် အမြင်တင့်တယ်စေရေး အလေးထား ဆောင်ရွက်သွားရေးတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ စုစုပေါင်းဦးရေ ၅၀၀ ကျော်ဖြင့် စက်ယန္တရားလုပ်ငန်းယာဉ်များ အသုံးပြုဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊အမရပူရ၊ပြင်ဦးလွင်၊သပိတ်ကျင်း၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ မြင်းခြံ၊



ရမည်းသင်း၊ ကျောက်ပန်းတောင်း မြို့နယ်တို့တွင်လည်း အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် စုစုပေါင်း ဦးရေ ၂၂၀၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်း ရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပြည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့ သရေခေတ္တရာ ပျူမြို့ဟောင်းကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားပြီး ပိုမိုလာရောက်လည်ပတ်နိုင်စေရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သရေခေတ္တရာ ပျူမြို့ဟောင်းသို့ ခရီးသွားများကျယ်ဝန်းလွတ်လပ်စွာသွားလာနိုင်ရေး လေးလမ်းသွားကားလမ်းဖောက်လုပ်နိုင်ရန် လမ်းအူကြောင်းရှာဖွေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျူမြို့ဟောင်းရှိ နန်းတော်ရာကုန်းသို့သွားရောက်၍ နန်းတော်ရာကုန်းပြန်လည်တူးဖော်မည့် အစီအစဉ်များ၊ နန်းတော်ရာ ကုန်းပတ်လည်အတွင်း ကျုံးပြန်လည်တူးဖော်မည့် အစီအစဉ်များနှင့် အတွင်းကျုံးအား ရေအမြဲရှိစေရေး၊ မူလရေဝင်ရေလွှဲစနစ်ကို ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ဦးသောမကန်၊ ရဟန္တာကန်နှင့် ကြာကန်တည်ရှိနေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ရှေးမူမပျက်စနစ်တကျတူးဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျူမြို့ဟောင်းအတွင်း၌ View Point ပြုလုပ်မည့် သောင်းပြည့်ကုန်းအား ကြည့်ရှုစစ်ဆေးပြီး စနစ်တကျမြေပြင်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပျူမြို့ဟောင်းမြို့ဝင်တံခါးပေါက်၊ မြို့ရိုးနှင့်ကျုံးပြန်လည်ဖော်ထုတ်နိုင်ရေး မွှတ်ရှည်မြို့ဝင်တံခါးပေါက်၌ ကျူးကျော်နေအိမ်များ ဖယ်ရှားရှင်းလင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရှေးဟောင်း ဧရိယာအတွင်း ကျူးကျော်နေထိုင်မှုများ မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ရေတွန်းစက်ရုံအနောက်ဘက် ဧရာဝတီမြစ်ကမ်းသို့ ရောက်ရှိပြီး ကမ်းပြိုကမ်းစားမှုမရှိစေရေး သဲသောင်ခုံများ တူးဖော်ရန်နေရာနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ဒေသခံပြည်သူများအပန်းဖြေစေရန် ကမ်းနားလမ်းကိုအဆင့်မီလမ်းအဖြစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများစိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား





တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ထိုသို့ ဖူးမြော်ကြည်ညိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူခဲ့ကြသည်။

နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက်လာရောက် အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အလားတူ ညပိုင်းတွင်လည်း ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်း၌ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဥယျာဉ်ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိပြီး ပြည်သူများလာရောက် အနားယူ အပန်းဖြေလျက်ရှိကြောင်း သတင်းရရှိသည်။





နေပြည်တော် ရေပန်းဥယျာဉ်တွင် ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

# နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာအဆင့်မီ မြန်မာ့ကော်ဖီများ တင်ပို့လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ရေခံမြေခံကောင်းသော မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာအဆင့်မီသော မြန်မာ့ကော်ဖီများ တင်ပို့လျက်ရှိကြောင်း ပြင်ဦးလွင် ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံ(ပွေးတောင်)မှ သိရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော အာရေဗီးကားကော်ဖီနှင့် ရိုဘတ်စတာကော်ဖီနှစ်မျိုးသည်သောက်သုံးမှုအနံ့အရသာနှင့် သမိုင်းကြောင်းကောင်းမွန်မှုကြောင့် ကမ္ဘာတွင် သောက်သုံးမှုစံနှုန်း သတ်မှတ်ချက် အမှတ်ပေးစနစ်ဖြစ်သော Specialty Coffee Association of America (SCAA)မှ ကုန်းမြင့်တွင်စိုက်ပျိုးသည့် အာရေဗီးကားကော်ဖီကို ၈၉ မှတ်နှင့် မြေနိမ့်ဒေသတွင်စိုက်ပျိုးသော ရိုဘတ်စတာကော်ဖီ ကို ၉၂ မှတ်ဖြင့် နိုင်ငံတကာအဆင့်မီမြန်မာ့ကော်ဖီအဖြစ် လက်ခံထားလျက်ရှိသည်။ နိုင်ငံတကာစံနှုန်းတွင် အမှတ် ၆၀ ရရှိသောကော်ဖီကို သာမန်ကုန်သွယ်မှုပြုလုပ်သော ကော်ဖီအဖြစ်လည်းကောင်း၊ အမှတ် ၇၀ နှင့် အထက်ရရှိသောကော်ဖီကို နိုင်ငံတကာတန်းဝင်ကော်ဖီအဖြစ်လည်းကောင်း ကမ္ဘာ့နိုင်ငံများက လက်ခံထားသည်။

ပြင်ဦးလွင် Coffee Knowledge Center တွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ပူးပေါင်း၍ အောက်တိုဘာ ၅ ရက် နှင့် ၆ ရက်တို့တွင် သောက်သုံးသူအရည်အသွေးဆန်းစစ်သော အခြေခံသင်တန်းကိုဖွင့်လှစ်ခဲ့ပြီး အပြစ်အနာအဆာမပါသောကော်ဖီကို ကျွမ်းကျင်စွာထုတ်လုပ်နိုင်သောအဆင့် Cre-Q၊ Pre-Test သင်တန်းတက်ရောက်၍ သင်တန်းဆင်းလက်မှတ်ရရှိကာ ထိုသင်တန်းဆင်းလက်မှတ်ရရှိထားသူများက ပြန်လည်သင်ကြားပို့ချလျက်ရှိသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီကို UK၊ အမေရိကန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ထိုင်းနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ ဝယ်ယူလျက်ရှိပြီး ကုန်သွယ်မှုပုံစံဖြင့် ထုတ်လုပ်မှုထက် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်မှုဖြင့် နိုင်ငံခြားဝင်ငွေရရှိရန် ကော်ဖီစိုက်တောင်သူများ ကြိုးပမ်းလျက်ရှိသည်။ ပြည်တွင်း၌ ကော်ဖီယဉ်ကျေးမှု ပိုမိုထွန်းကားလာလျက်ရှိရာ မန္တလေးမြို့တွင် တစ်လလျှင် ကော်ဖီဆိုင်လေးဆိုင်မှ ငါးဆိုင်ထိဖွင့်လှစ်လာလျက်ရှိပြီး ရန်ကုန်မြို့တွင်လည်း အသင့်သောက်ကော်ဖီထုပ် သောက်သုံးမှုမှ ကော်ဖီစစ်စစ်ကိုအသုံးပြု ရောင်းချသောကော်ဖီထုပ်၊ ကော်ဖီဆိုင်၊ ကော်ဖီဘားတို့တွင် သောက်သုံးမှုများလာကာ ဆိုင်များတိုးချဲ့ဖွင့်လှစ်လာမှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းခဲ့သည်။



ကော်ဖီသည် ကမ္ဘာ့ကုန်သွယ်မှုတွင် နံပါတ်(၁)ရေနံပြီးပါက ဒုတိယကုန်သွယ်မှုအများဆုံးပို့ကုန်တစ်ခုဖြစ်ပြီး နေ့စဉ်သောက်သုံးနေသော ရေနှင့်အဖျော်ယမကာပြီးလျှင် ဒုတိယအများဆုံး သောက်သုံးလျက်ရှိသည်။ ပြင်ဦးလွင်၌ တစ်နှစ်လျှင် ကော်ဖီမက်ထရစ် တန် ၅၀၀၊ ရှာံတွင် မက်ထရစ်တန် ၇၀၀ ထွက်ရှိ၍ ရှမ်းပြည်နယ်မှ အများဆုံးထွက်ရှိကာ နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုပိုလျှံသောကြောင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိရန် ကြိုးစားလုပ်ဆောင်နိုင်သော အခွင့်အလမ်းများစွာ စောင့်ကြိုလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများ စားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# စစ်တွေမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဝါတွင်းကာလ သံဃာတော်အပါး ၅၀၀ တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာ ကျင်းပပြုလုပ်



သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၈ ရက်၊ စက်တင်ဘာ ၈ ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ခဲ့သည့် သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာကို စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ပြုလုပ်ရာ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြကာ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်တော်၌ စစ်တွေမြို့ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်အပါး ၅၀၀ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် အဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၈**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် မဟာသန္တိရံသီစေတီတော်ကြီး ဓမ္မာရုံ၌ ပြုလုပ်ရာ ခိုလမ်မြို့ ကျောက်မဲကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇာတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောက်မဲကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး အလှည့်ကျဆရာတော်က မဟာပဋ္ဌာန်းကျမ်းမြတ်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်ထိ သံဃာတော်များက ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

# ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား မျက်နှာတော်သစ်ခြင်း၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အဘယရာဇမုနိဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ ပြုလုပ်



သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဆွမ်းဆန်တော်များ လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား မျက်နှာတော်သစ်ခြင်း၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဌာနဆိုင်ရာပေါင်းစုံ စုပေါင်း၍ သံဃာတော်များအား ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမဟာမြတ်မုနိဘုရားကြီး၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး မျက်နှာတော်သစ်ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် အဆိုပါ မဟာမြတ်မုနိဘုရားကြီး၌ ဌာနဆိုင်ရာပေါင်းစုံ စုပေါင်း၍ ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော် ၁၈၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၃ ပါးတို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများနှင့် အရုဏ်ဆွမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာရှိ အဘယရာဇမုနိဘုရားကြီး၌ အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ လွယ်မွေ့ သာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝေပုလ္လအမှူးပြုသော သံဃာတော်များ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ ဝေပုလ္လကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်ထိ ငါးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၉ ဦး တွေ့ရှိပြီး ယနေ့တစ်ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၈**

အောက်တိုဘာ ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၂၄၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၉ ဦး တွေ့ရှိပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၆၂၆၂ ဦး |
| သေဆုံးသူ | ၁၉၄၆၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၀၁၁၀ ဦး |

# တရားမဝင် သစ်မျိုးစုံ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော အထည်အလိပ်များ ကီလိုဂရမ် ၁၈၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၄၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ မန္တလေးမှ အုပ္ပသီး-အုပ္ပခါးသို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ပိုးသတ်ဆေးဟု ယူဆရသောပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၆၅၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော DONG FENG DUMP TRUCK အမျိုးအစားမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ နှင့် လိုင်စင်မဲ့မော်တော်ကားတစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၂ ဒသမ ၃၈၈၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၆၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၇ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၉၆၀၄၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် နှစ်လခွဲသားတွင် အရပ်အမြင့် ၂ ပေ ၈ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၂၂၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human Friendly Training စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



# ပဲခူးမြို့နှင့် ညောင်ရွှေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ဥသျှောင်မြို့သစ်(၄)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ရန်မင်းအောင်နှင့် ကျော်မြင့်ထွန်းတို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာအနီးတွင် မောင်လေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်တန်ဆာအဖြစ် ခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်တန်ဆာအဖြစ်ခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သုခဒီပရပ်ကွက်နေ မ-----၁၈ နှစ်ကို တစ်ရပ်ကွက်တည်းနေ မိုးမိုးထွေး (ခ) အငယ်လေး(ခ) ကတုံးမနှင့် ရီရီလွင်(ခ) မလွင်တို့က တပ်ကုန်းမြို့နယ် ခုတင် ၁၀၀၀ စစ်ဆေးရုံတွင် အဘွားကြီးတစ်ဦးကို ပြုစုရမည်၊ အဝတ်လျှော်ပေးရမည် တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် ၁၈၀၀၀၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာနေ ဒေါ်တုတ်၏ အိမ်သို့ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ထုံးဖိုမြို့မရဲစခန်း(ပ) ၇၉/၂၀၂၁ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဇေယျာသီရိခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် တရားခံ မိုးမိုးထွေး(ခ) အငယ်လေး (ခ)ကတုံးမနှင့် ရီရီလွင်(ခ) မလွင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စန်းစန်းနွယ် (ခ)ဒေါ်တုတ်ကို ရာဇဝတ်ကြီးကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်၍ တရားခံပြေးသတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ ဇော်မိုးထိုက်သည် ၎င်းအသုံးပြုသည့် "Zaw Moe Htike"Facebook အကောင့်၊ တောင်သာမြို့နယ် ကန်မြကျေးရွာနေ နေအောင်ထက်သည် ၎င်းအသုံးပြုသည့် "Nay Aung Htet"Facebook အကောင့်တို့သည် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်သူနှင့်တူသောအနာရောဂါ

**စန်းထက်(ဖန်ခါးမြေ)**

ရန်သူဟူသည် မိမိကိုအကျိုးမဲ့စေရန်ကြံစည်တတ်သူဖြစ်သည်။ ရန်သူကိုသိလျှင် လွတ်ကင်းအောင်ရှောင်ကြဉ်နေထိုင်ခြင်းဖြင့် မိမိ၏အကျိုးစီးပွားကို မပျက်ယွင်းစေနိုင်ပေ။ တစ်ဖန် ထိုရန်သူကို မိမိက အကြိုက်ဆောင်စေ၍ ပေးကမ်းချီးမြှောက်ခြင်း၊ မိမိကအနာခံစေခြင်းဖြင့် ဆက်ဆံမှုပြုပြန်လျှင် တစ်ဖန် မိတ်ဆွေအဖြစ်သင့်မြတ်ရပြန်သေးသည်။

သို့သော် အနာရောဂါတည်းဟူသောရန်သူသည်ကား ထိုသို့မဟုတ်ချေ။ မိမိ၏အတ္တဇ္ဈတ္တကိုယ်တွင်းသန္တာန်တွင် ခိုဝင်ကိန်းအောင်းတတ်သောကြောင့် အတွင်းရန်သူအစစ်ဟုဆိုရပေမည်။ သေမင်းကိုမိတ်ဆွေဖွဲ့၍ မရနိုင်သကဲ့သို့ သေမင်း၏တမန်ဖြစ်သော အနာရောဂါကိုလည်း မည်သည့်နည်းဖြင့်မျှ ကိုယ့်ဘက်သို့ပါအောင် မိတ်ဆွေဖွဲ့မရနိုင်ချေ။ အနာရောဂါဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ မိမိ၏ကိုယ်တွင်းသန္တာန်၌ရှိသော အသွေး၊ အသား၊ သလိပ်၊ သည်းခြေ၊ လေဓာတ်စသည်တို့ကို ဖြစ်ပေါ်လာစေသည့် အကျဉ်းရုံးဆိုရလျှင် မိမိကိုယ်တွင်း၌ရှိသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့ မညီညွတ်မမျှတမှုကြောင့် ဖြစ်ရလေသည်။

ဓာတ်ကြီးလေးပါးတို့၏မညီညွတ်မမျှတမှုသည် ဥတု၊ အာဟာရတို့ကြောင့် ဖြစ်ရသည်။ အအေး၊ အပူနှစ်ပါးကို ဥတုဟုဆိုသည်။ စားသောက်သမျှအစာကို အာဟာရဟုခေါ်သည်။ ဥတုဖောက်ပြန်ခိုက်နှင့်ကြုံရလျှင် ကိုယ်တွင်း၌ရှိသော ဓာတ်ကြီးလေးပါးသည် အချင်းချင်းသင့်တင့်မှုမရှိဘဲ ကွဲလွဲသောင်းကျန်းကာ တစ်စုံတစ်ရာသောရောဂါဖြစ်ပေါ်ရသည်။ ထိုအနာရောဂါကို "ဥတုဇနာ"ဟုခေါ်သည်။

မသင့်မတင့်သော အစာအာဟာရကိုစားမိလျှင်လည်း ဓာတ်ကြီးလေးပါးဖောက်ပြန်ကာ အနာရောဂါဖြစ်ပေါ်ရသည်။ ထိုအနာရောဂါကို"အာဟာရဇနာ" ဟုခေါ်သည်။ ထို့ပြင် စိတ္တဇနာ၊ ကမ္မဇနာဟူ၍လည်း ရှိသေးသည်။ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်ကို ချစ်ခင်စုံမက်သော်လည်း ထိုသူ၏ချစ်ခင်နှစ်သက်မှု၊ ရယူပိုင်ဆိုင်မှုမရရှိလျှင် သောက၊ ဗျာပါဒဖြစ်ရသည်။ ဥပါဒါန်အစွဲကြီးကာ နှလုံးတွင် ကြိမ်မီးအုံးသလို ဆင်းရဲဒုက္ခရတတ်သည်။ ကိုယ်ခန္ဓာပိန်လှီရာမှ ရောဂါဖြစ်ရသည်။ တချို့ကား ဥစ္စာပစ္စည်းပျက်ပြားခြင်းဟူသော ဘောဂဗျသနတရား၊ တချို့ကား ဆွေမျိုးဉာတိဆုံးပါးခြင်းဟူသော ဉာတိဗျသနတရားများနှင့်ကြုံတွေ့ရပါက စိတ်နှလုံးမသာယာဘဲ ဒုက္ခဖြစ်ရသည်။ ၎င်းကို စိတ္တဇနာဟုခေါ်သည်။

ကမ္မဇနာဟူသည်ကား ရှေးက မကောင်းမှုကံကြောင့် မိခင်၏ဝမ်းတွင်းကဖြစ်စေ၊ နောင်ကာလ၌ဖြစ်စေ အနာရောဂါဖြစ်ရသည်။ ဖော်ပြပါ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မမျှတ၍ ဖြစ်တည်ရသော အနာရောဂါအမျိုးမျိုးတွင် တစ်စုံတစ်ခုသောရောဂါကလာ၍ နှိပ်စက်လျှင် ကြောင်လက်ရောက်သောကြွက်၊ ကျားလက်ရောက်သောသမင်ပမာစိတ်ကြည်လင်ချမ်းသာစွာနေခွင့်မရဘဲ ရန်သူ၏လက်အတွင်းကျသကဲ့သို့ မလှုပ်သာ၊ မယှက်သာနေရလေတော့ပြီ။ ထိုအခါ

> ❖ မသင့်မတင့်သောအစာအာဟာရကိုစားမိလျှင်လည်း ဓာတ်ကြီးလေးပါး ဖောက်ပြန်ကာ အနာရောဂါဖြစ်ပေါ်ရသည်။ ထိုအနာရောဂါကို "အာဟာရဇနာ" ဟုခေါ်သည်။ ထို့ပြင် စိတ္တဇနာ၊ ကမ္မဇနာဟူ၍လည်းရှိသေးသည်။ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်ကိုချစ်ခင်စုံမက်သော်လည်း ထိုသူ၏ ချစ်ခင်နှစ်သက်မှု၊ ရယူပိုင်ဆိုင်မှုမရရှိလျှင် သောက၊ ဗျာပါဒဖြစ်ရသည်။ ဥပါဒါန်အစွဲကြီးကာ နှလုံးတွင် ကြိမ်မီးအုံးသလိုဆင်းရဲဒုက္ခရတတ်သည်။ ကိုယ်ခန္ဓာပိန်လှီရာမှရောဂါဖြစ်ရသည်။ တချို့ကား ဥစ္စာပစ္စည်းပျက်ပြားခြင်းဟူသော ဘောဂဗျသနတရား၊ တချို့ကား ဆွေမျိုးဉာတိဆုံးပါးခြင်းဟူသော ဉာတိဗျသနတရားများနှင့်ကြုံတွေ့ရပါက စိတ်နှလုံးမသာယာဘဲဒုက္ခဖြစ်ရသည်။ ❖

စီးပွားဥစ္စာပြည့်စုံစွာရှိရပါသော်လည်း ရှိရကျိုးမနပ်ပေ။ ထိုစီးပွားဥစ္စာတို့ကို မစံစားနိုင်။ ကောင်းမှုကုသိုလ်ပြုလိုပါသော်လည်း ကာယကံမြောက်ပြုခွင့်မရ။ လောကီကိစ္စအဝဝကို လုပ်ကိုင်ရန်ဉာဏ်အမြော်အမြင်ရှိသော်လည်း မစွမ်းဆောင်နိုင်ပေ။ ကာမဘုံသားဖြစ်သည့်အလျောက် ကာမဂုဏ်ကိုလည်း ခံစားမှုမပြုနိုင်ပေ။ မိမိ၏ကိုယ်လက်အင်္ဂါများသည် ကိုယ့်ဆန္ဒနှင့်ထပ်တူမကျကာ လက်မှိုင်ချနေရပြီ။ ထို့ကြောင့် ရောဂါတစ်ခုခံစားရသော်အရှုံးတကာတို့တွင် အနစ်နာဆုံးဟုဆိုရပေမည်။ ဗျသနတရားငါးပါးတွင်"ရောဂဗျသန" ဟူ၍ ဆုံးရှုံးခြင်းတစ်ပါးကိုထည့်သွင်းကာ မြတ်စွာဘုရားက ဟောမြွက်ကြားခဲ့သည်။

"အာရောဂျပရမံလာဘံ"ကျန်းမာခြင်းသည်လာဘ်တစ်ပါးဟုမြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာ အနာရောဂါကင်းရှင်းခြင်းသည် "ဓမ္မ၊ အတ္ထ၊ ကာမ၊ မောက္ခ"ဟုဆိုအပ်သော သတ္တဝါခပ်သိမ်းတို့လိုအပ်သည့် "စတုဝဂ္ဂတရားလေးပါး"တို့၏ ပြည့်ဝကြောင်းကိုပြလေသည်။ အနာရောဂါရှိလျှင် ထိုအကျိုးတရားပြုမှုလေးပါးတို့ အလိုအလျောက် ပျက်သုဉ်းရလေသည်။ စတုဝဂ္ဂတရားလေးပါးတွင် ဓမ္မသည် ကိုယ်ကျင့်တရားပြုမှု(သီလ)၊ အတ္ထသည် ကိုယ်အကျိုးစီးပွားပြည့်စုံမှု၊ ကာမသည် လောကီကာမဂုဏ်ခံစားမှု၊ မောက္ခသည် သံသရာဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်မှု(နိဗ္ဗာန်)ပင်ဖြစ်သည်။ အနာရောဂါကင်းရှင်း၍ ကျန်းမာခြင်းဖြင့် ၎င်းစတုဝဂ္ဂတရားလေးပါးကို ဖြည့်စွမ်းဆောင်ရွက်နိုင်ပေမည်။ ထိုသို့မဟုတ်လျှင် ကိုယ်ကျင့်သီလကိုလည်းမဖြည့်စွမ်းနိုင်။ လောကီအကျိုးစီးပွားအတွက်လည်း ဆောင်ရွက်ခွင့်မရ။ ကာမဂုဏ်တွင်လည်းမခံစားနိုင်။ နိဗ္ဗာန်ချမ်းသာကိုရနိုင်ရန်လည်း အားထုတ်မှုမပြုနိုင်စေဘဲ လူအဖြစ်ရှုံးရ၊ ကြုံရပေမည်။

မျက်မှောက်ခေတ်ကမ္ဘာတွင် ရောဂါဆိုးအမျိုးမျိုးတို့ဖြင့် တုန်လှုပ်ချောက်ချားဖွယ်ကြုံတွေ့ရင်ဆိုင်နေရပေပြီ။ "အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်"ဟု ဆိုသကဲ့သို့ပင် သတိလက်လွတ်မဖြစ်သင့်ပေ။ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်တို့တွင် အလွန်ပင်ဆင်ခြင်သတိပြုသင့်ပေသည်။ အဆိုပါရောဂါဆိုးများတွယ်တာကပ်ငြိမှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ကူးစက်မှုမရှိစေရန်ထိန်းသိမ်းခြင်း၊ ရောဂါသက်သာပျောက်ကင်းစေရန်စနစ်တကျကုသခြင်းတို့ပြုလုပ်ရပေမည်။

လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက် စီးပွားရေး၊ လူမှုရေး၊ အသက်အိုးအိမ်တို့ကိုစင်စစ်ခြိမ်းခြောက်နေသည်။ သင်ခန်းစာတစ်ခုအဖြစ် တွေ့ကြုံနေရသည်ကို အထူးပြောစရာမရှိပေ။ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလိုက်နာလျှင် ရောဂါကင်းဝေးကာ ကောင်းကျိုးများကိုရရှိစေပြီး မလိုက်နာလျှင်မလိုက်နာသလို ကူးစက်မှုများပိုမိုမြန်ဆန်စေကာ လူမှုဒုက္ခအဖုံဖုံကို ကြုံတွေ့ရနိုင်ပေမည်။ လူသားတိုင်းသည် လူကြီး၊ လူငယ်အရွယ်မရွေး ရန်သူနှင့်တူသော အနာရောဂါဝေဒနာအမျိုးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့်ရင်ဆိုင်ကြုံတွေ့ကြရနိုင်သည်ဖြစ်ရာ ထိုသို့ကြုံတွေ့ရလျှင် ကာယကံရှင်လည်း စိတ်သောကရစေသလို မိသားစုဝင်များသည်လည်း စိတ်ဆင်းရဲခြင်း မလွတ်ကင်းနိုင်ပေ။ ထို့ပြင် အိမ်နီးချင်း၊ မိတ်ဆွေရင်းများကိုပါ စိတ်မချမ်းမြေ့စရာသောကအပူများ ကူးစက်ခံစားရစေသည်။

သို့ဖြစ်၍ မည်သည့်ရောဂါမျိုးမဆို မိမိထံမကျရောက်၊ မခံစားနိုင်စေရန်အလို့ငှာ ကျွမ်းကျင်သောပညာရှင်များ၏ ညွှန်ကြားမှုများကိုနာခံလျက် စနစ်တကျ ကြိုတင်ကာကွယ်ထိန်းသိမ်းကုသမှုတို့ စဉ်ဆက်မပြတ်ပြုလုပ်ကြရပေမည်။ ထို့ပြင် ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတများကို ရှာဖွေမှတ်သားလျက် မိမိကိုယ်ကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစေရန် အလေ့အကျင့်ကောင်းများကို မှန်မှန်ပြုလုပ်စေရန်လည်း လွန်စွာအရေးကြီးလှပေသည်။ သို့ဖြစ်၍ လူသားတိုင်းသည် မိမိကိုယ်ကိုသာလျှင် အချစ်ဆုံးဖြစ်သည်ဟူသော စကားနှင့်အညီ မိမိချစ်သောအသက်နှင့်ခန္ဓာကို နှစ်ကာလရှည်ကြာတည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာလည်း မိမိသာလျှင် အဓိကတာဝန်ရှိသည်။ မိမိမှသည် မိမိ၏မိသားစု၊မိမိ၏ပတ်ဝန်းကျင် စသည်ဖြင့် မိမိနိုင်ငံ၊ မိမိကမ္ဘာအတွက် မိမိစွမ်းဆောင်နိုင်သည့်ဘက်မှ ကူညီရိုင်းပင်းကြရမည်မှာ လူသားတိုင်းတွင် အမှန်ပင်တာဝန်ရှိနေသည်။

လူ့ဘဝတွင် နေရစဉ်တစ်ခဏ၌ အနာရောဂါနှင့်တူသောရန်သူ၏လက်အတွင်းသို့ မကျရောက်စေဘဲ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းရှင်း ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာခြင်းဟူသောလာဘ်လာဘအခွင့်အလမ်းများကို ရယူပိုင်ဆိုင်နိုင်ကြပါစေ။ လူ့ရွာလောက ရောက်ရှိလာခိုက် လူသားအားလုံးနေထိုင်ရာ လူတို့ကမ္ဘာကို သာယာလှပအောင် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်ဖြင့် အတ္တဟိတ၊ ပရဟိတ အကျိုးမျှော်ကိုးကာ စုပေါင်းစွမ်းဆောင်ဖန်တီးနိုင်သူများ ဖြစ်ကြပါစေကြောင်း ရည်သန်ရေးသားလိုက်ရပေသည်။

**ကိုးကား–**

**စာဏကျနီတိ(ပထမတွဲ)**

# မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း အောက်တိုဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပင်းဘောကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက မြို့နယ်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပင်းဘောကျေးရွာတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၉ ဒသမ ၃၈၅ သန်းဖြင့် Nothern Royal City ကုမ္ပဏီက အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ပင်းဘောကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ် ၅၂၇ အိမ်မှ လူဦးရေ ၃၂၀၄ ဦးတို့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေအခက်အခဲမရှိ အဆင်ပြေစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# ကက်စီနာပြည်နယ်တွင် ရေဘေးကြောင့် လူ ၂၄ ဦးသေဆုံးပြီး ရေဘေးသင့်ပြည်သူ ၁၈၂၄၅ ဦးရှိ



**အဘူဂျာ အောက်တိုဘာ ၈**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ဘက်ပိုင်း ကက်စီနာပြည်နယ်တွင် အောက်တိုဘာ ၇ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၄ ဦးထိရှိခဲ့ကာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်သူ ၁၈၂၄၅ ဦးထိရှိခဲ့ကြောင်း ကက်စီနာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု News Diary သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် မိုးကာလအတွင်း နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ် ၃၄ ပြည်နယ်ထိ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီး သေဆုံးသူ အမြောက်အမြားရှိခဲ့ကြောင်း၊ ကက်စီနာပြည်နယ်တွင် မိုးဦးကာလကတည်းက ရေဘေးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်နေရခြင်းဖြစ်ပြီး စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလတွင် ရေကြီးရေလျှံမှုထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် ကက်စီနာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းအတွက် အခက်အခဲများရှိနေကြောင်း သိရသည်။

“ဒီနှစ်မိုးကာလမှာ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်တွေ တော်တော်များတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မိုးကာလအတွင်း ပျက်စီးခဲ့တဲ့ အိမ်ခြေ ၁၆၆၂၅ လုံးထိ ရှိခဲ့ပါတယ်။ ပျက်စီးခဲ့တဲ့ ကောက်ပဲသီးနှံစိုက်ခင်းဧရိယာကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ ကက်စီနာပြည်နယ်ဟာ ဒီနှစ်မိုးကာလအတွင်း ရေဘေးအန္တရာယ်နဲ့ မကြာခဏရင်ဆိုင်နေရတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲကာလမှာ အခုလိုရေကြီးရေလျှံမှုပြဿနာနဲ့ ထပ်မံရင်ဆိုင်ခဲ့ရတာဟာ ကက်စီနာပြည်နယ်အတွက် ခက်ခဲတဲ့အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဒေသခံ ၂၄ ယောက်သေဆုံးခဲ့ပြီး ရေဘေးသင့်ပြည်သူ ၁၈၂၄၅ ယောက်ထိရှိခဲ့ပါတယ်။ အေဂျင်စီအနေနဲ့ ရေဘေးသင့်ပြည်သူတွေကို လုံလောက်တဲ့ပံ့ပိုးမှုတွေတော့ မလုပ်နိုင်သေးပါဘူး”ဟု ကက်စီနာပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ(SEMA)မှ ပြောရေးဆိုခွင့်ရှိသူ အူမာမူဟာမတ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ကင်တပ်ကီပြည်နယ်တွင် တောမီးလောင်ကျွမ်းသည့်ရာသီသို့ ရောက်လာပြီဖြစ်၍ မီးမပေါ့ဆရန်သတိပေး

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် ဂျာရတ်ကောင်တီတွင် အောက်တိုဘာ ၇ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်ပြင်ဆင်နေသော်လည်း အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိသည် ကင်တပ်ကီပြည်နယ်အတွက် တောမီးလောင်ကျွမ်းသည့်ရာသီဖြစ်ပြီး အဆိုပါရာသီ ဝင်ရောက်လာပြီဖြစ်သည့်အတွက် မီးမပေါ့ဆရန် ကင်တပ်ကီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အောက်တိုဘာ ၇ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု WKYT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာရတ်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေခြင်းနှင့် ပတ်သက်၍ ဂျာရတ်ကောင်တီ မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုးနေလာက မီးပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းသည့် ရာသီရောက်လာပြီဖြစ်သည့်အတွက် မီးမပေါ့ဆရန် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



“တောမီးလောင်ကျွမ်းတဲ့ ရာသီထဲကို ဝင်လာပါပြီ။ ဒီကာလမှာ မီးမပေါ့ဆကြဖို့ အထူးသတိပေးအပ်ပါတယ်။ အရေးကြီးဆုံးက သစ်သားတွေ၊ မီးလောင်လွယ်တဲ့ အရာဝတ္ထုတွေနဲ့ ပေ ၁၅၀ အကွာမှာ ဘယ်လိုမီးမျိုးမှ မမွေးကြပါနဲ့။ အမှိုက်တွေ မီးရှို့တာမျိုးလဲ မလုပ်ကြပါနဲ့။ တောမီးလောင်ကျွမ်းတဲ့ ရာသီထဲဝင်လာပြီဖြစ်တဲ့အတွက် ဘယ်လိုအချိန်မျိုးမဆို၊ ဘယ်လိုအခြေအနေမျိုးမှာမဆို အချိန်မရွေး မီးလောင်ကျွမ်းနိုင်တယ်။ အခုလို တအားအန္တရာယ်များတဲ့ အခြေအနေမျိုးမှာ မီးပေါ့ဆတဲ့အတွက် ဂျာရတ်ကောင်တီမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့တော့ကြိုးစားနေပါတယ်။ ဒါပေမဲ့လဲ ပူပြင်းခြောက်သွေ့ပြီး သစ်ရွက်ခြောက်တွေ ကြွေကျတဲ့ ကာလတစ်ခုဖြစ်တဲ့အတွက် တောမီးလောင်ကျွမ်းမှုဟာ ကူးစက်မှုနှုန်း တအားမြန်ဆန်နေတယ်”ဟု ဂျာရတ်ကောင်တီမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုးနေလာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဥရောပသမဂ္ဂက တောမီးငြိမ်းသတ်ရန် ရဟတ်ယာဉ်နှင့် လေယာဉ်များဝယ်ယူမည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၈**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းအနေဖြင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနှင့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပေးနိုင်ရန် ရဟတ်ယာဉ်နှင့် လေယာဉ်များ ဝယ်ယူသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု Irish Examiner သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းသည် ဥရောပတိုက်အတွင်း တောမီးလောင်ကျွမ်းမှုအန္တရာယ်ဖြင့် နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်နေရသည့် အခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက ထိရောက်သည့် အကူအညီပေးနိုင်ရေးအတွက် ငွေကြေးသုံးစွဲသွားရန် ပြင်ဆင်နေကြောင်း သိရသည်။

“တောမီးလောင်ကျွမ်းမှုစံချိန်တင်ဖြစ်ပွားခဲ့တဲ့ ၂၀၁၇ ခုနှစ်က စံချိန်ထက်တောင် ၃၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပါတယ်။ ဥရောပတိုက်အတွင်း ဒီနှစ်တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တဲ့ဧရိယာတွေက တအားများခဲ့တယ်။ တောမီးလောင်ကျွမ်းမှုစံချိန်တင်မြင့်တက်လာတာနဲ့အညီ ပျက်စီးဆုံးရှုံးမှုတွေလဲ မြင့်မားခဲ့တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စိတ်ပျက်ဖွယ်ရာအခြေအနေဖြစ်ပါတယ်။ ဒါကြောင့်လဲ တောမီးလောင်ကျွမ်းမှုဖြစ်ပြီဆိုတာနဲ့ ထိရောက်တဲ့ တောမီးငြိမ်းသတ်မှုတွေ ပြုလုပ်ပေးနိုင်ဖို့အတွက် ဥရောပသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ရဟတ်ယာဉ်နဲ့ လေယာဉ်တွေ ဝယ်ယူသွားမယ်”ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းအနေဖြင့် တောမီးလောင်ကျွမ်းမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ရဟတ်ယာဉ်နှင့် လေယာဉ်များဝယ်ယူရန် အမေရိကန်ဒေါ်လာ သန်း ၁၇၀ထိ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း၌လည်း ဥရောပနိုင်ငံများတွင် တောမီးစံချိန်တင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ခြင်းကြောင့် ဥရောပသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အဖွဲ့ဝင်နိုင်ငံများကိုကူညီနိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

# အရှေ့အာဖရိကတွင် မိုးခေါင်ရေရှားမှုကြောင့် လူဦးရေ သိန်းနှင့်ချီ သေဆုံးနိုင်

**နိုင်ရိုဘီ အောက်တိုဘာ ၈**

အရှေ့အာဖရိကတွင် စံချိန်တင်မိုးခေါင်ရေရှားမှုကြောင့် ကလေးငယ် ၁၀ သန်းသည် အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရပြီး လူ ၅၀ သန်းကျော်သည် အစားအစာမလုံခြုံမှုနှင့် ရင်ဆိုင်နေရသဖြင့် လူဦးရေ သိန်းနှင့်ချီ၍ သေဆုံးနိုင်ကြောင်း ဒေသဆိုင်ရာအစုအဖွဲ့က အောက်တိုဘာ ၇ ရက်က သတိပေးထားသည်ဟု အနာဒိုလူ သတင်းဌာနက ဖော်ပြထားသည်။

အရှေ့အာဖရိကတွင် မိုးခေါင်ရေရှားမှုနှင့် အစာရေစာမလုံလောက်မှုကြောင့် ကလေးငယ် ၁၀ သန်းကျော်သည် ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေရသည့်အပြင် နှစ်ပေါင်း ၄၀ အတွင်း အရှည်ကြာဆုံး ပတ်ဝန်းကျင်ခြောက်သွေ့မှု၊ ဆယ်စုနှစ်အတွင်း စတုတ္ထမြောက်မိုးခေါင်မှုနှင့်ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာအစုအဖွဲ့တစ်ခုဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအာဏာပိုင်အဖွဲ့(IGAD) ၏ အမှုဆောင်အတွင်းရေးမှူး ဝါနက်ဂီဘီရာဟူက ပြောကြားခဲ့သည်။

အထူးသဖြင့် အီသီယိုးပီးယား၊ ကင်ညာ၊ ယူဂန္ဒာနှင့် ဆိုမာလီယာနိုင်ငံ ရွှေ့ပြောင်းနေထိုင်သူများကြားတွင် အာဟာရချို့တဲ့မှုနှုန်း အလွန် မြင့်မားလျက်ရှိကြောင်း၊ အရှေ့အာဖရိကတွင် လက်ရှိ ရွှေ့ပြောင်းနေထိုင်သူ ၁၃ သန်းခန့်ရှိပြီး ဒေသတွင်းဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူ ၄.၅ သန်းခန့်ရှိကာ ၎င်းတို့အားလုံးမှာ စားနပ်ရိက္ခာမလုံခြုံကြကြောင်း IGAD ၏ အချက်အလက်များအရ သိရသည်။

IGAD အစုအဖွဲ့တွင် ဂျီဘူတီ၊ အီသီယိုးပီးယား၊ ဆိုမာလီယာ၊အီရစ်ထရီးယား၊ ဆူဒန်၊ တောင်ဆူဒန်၊ ကင်ညာနှင့် ယူဂန္ဒာနိုင်ငံတို့ပါဝင်ပြီး IGAD ၏ ပြည်နယ်ခုနစ်ခုတွင် လူပေါင်း ၅၁ သန်းကျော် သို့မဟုတ် အစုအဖွဲ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ငတ်မွတ်ခေါင်းပါးပြီး သေဆုံးနိုင်ခြေရှိသည့် အစားအစာမလုံခြုံမှုနှင့် ရင်ဆိုင်နေရကြောင်း ခန့်မှန်းထားသည်။

IGAD အစီရင်ခံစာများအရ အီသီယိုးပီးယားတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း၊ ကင်ညာနိုင်ငံ၏အစိတ်အပိုင်းများနှင့် ဆိုမာလီယာတစ်နိုင်ငံလုံးခန့်သည် နှစ် ၄၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်မှုကိုကြုံတွေ့နေရကြောင်း သိရသည်။ AZH

# ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောပြုန်းတီးမှု စက်တင်ဘာလအတွင်း စံချိန်တင်မြင့်တက်

**ရီယိုဒီဂျနေးယိုး အောက်တိုဘာ ၈**

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောပြုန်းတီးမှုသည် စက်တင်ဘာလအတွင်း စံချိန်တင်မြင့်တက်ခဲ့ပြီး လက်ရှိသမ္မတ ဘော်ဆိုနာရိုလက်ထက်တွင် ပြုန်းတီးမှုအရှိန်အဟုန် မြင့်တက်လာခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက အောက်တိုဘာ ၇ ရက်က ဖော်ပြထားသည်။

သမ္မတဘော်ဆိုနာရိုလက်ထက် ၂၀၂၂ ခုနှစ်အတွင်း ဘရာဇီးလယ်သမားများနှင့် မွေးမြူရေးသမားများသည် လယ်ယာစီးပွားရေးအတွက် နယူးယောက်စီးတီးအရွယ်အစားထက် ၁၁ ဆပိုသောသစ်တောများကို ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလအတွင်း မိုးသစ်တော ၁၄၅၅ စတုရန်းကီလိုမီတာ (၅၆၂ စတုရန်းမိုင်)ခန့်ကို ရှင်းလင်းခဲ့ကြောင်း ဘရာဇီးအာကာသသုတေသနအေဂျင်စီ (INPE)မှ ကြိုတင်အချက်အလက်များအရသိရပြီး ၎င်းသည် လွန်ခဲ့သောတစ်နှစ်ကထက် ၄၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ မွေးမြူရေးသမားများနှင့် သစ်ခုတ်သမားများ၏ ရှင်းလင်းမှုနှင့် သစ်တောများမီးရှို့မှုကြောင့် မိုးသစ်တောများအကြီးအကျယ်ပြုန်းတီးလျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၉၁၇၈ စတုရန်းကီလိုမီတာ (၃၅၄၃ စတုရန်းမိုင်) စံချိန်တင်ပျက်စီးခဲ့ပြီး ယခုနှစ် နှစ်ကုန်ရန် သုံးလအလိုကာလအတွင်း စတုရန်းကီလိုမီတာ ၈၅၉၀ (၃၃၁၆ စတုရန်းမိုင်)ပျက်စီးခဲ့ရာ လက်ရှိတွင် ဒုတိယအဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။


သစ်တောများကို တရားမဝင်ရှင်းလင်းမှုနှင့် မီးရှို့မှုများအပေါ် ရဲက နှိမ်နင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း လယ်မြေနှင့် စားကျက်မြေများအတွက် နေရာလွတ်များ ရှင်းလင်းရန် လယ်ယာလုပ်ကိုင်သူများက စိတ်ဝင်စားမှုမြင့်တက်လျက်ရှိခြင်းကြောင့် မီးလောင်ကျွမ်းမှုများလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ အစောပိုင်းကာလအတွင်း အမေဇုန်သစ်တောတွင် မီးလောင်မှုအကြိမ်အရေအတွက်မှာလည်း ၄နှစ်အတွင်း စံချိန်တင်မြင့်တက်ခဲ့ပြီး သမ္မတဘော်ဆိုနာရိုအနေဖြင့် အမေဇုန်သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အားတက်သရောမရှိကြောင်း သဘာဝပတ်ဝန်းကျင်တက်ကြွလှုပ်ရှားသူများက ဝေဖန်ထားကြောင်း သိရသည်။ AZH

0w Kv M @

# မျဉ်းပြိုင်နှစ်ကြောင်း၏ ဒဏ္ဍာရီ

မွေးစားလေး




(၁)

"ရော့ ဒီမှာ နင့်အကောင်ရဲ့ဓာတ်ပုံ။ ဒီနေ့တစ်ရက်ပဲနော်။ ဝအောင်ကြည့်ထား မနက်ဖြန်ကျ မီးရှို့ပစ်မှာ"

ဖေဖေ့လက်ထဲကဓာတ်ပုံလေးကို ခိုင် ယုယစွာ လှမ်းယူလိုက်သည်။ နန်စီပွန်။ ဆေးသားအရောင် ပြယ်လွင့်နေသော ဓာတ်ပုံဟောင်းလေးထက်မှာ အနက်ရောင်မင်ဖြင့် ရေးခြယ်ထားသော နေရာဒေသ တစ်ခု၏ အမည်နာမကို မြင်ရုံမျှဖြင့် ခိုင့်နှလုံးအိမ်သည် မတည်ငြိမ်ချင်။ လွမ်းမောသလိုလို ဝမ်းနည်းသလိုလို။ မရေရာသော ခံစားချက်များက ဖြောင်းဆန်လျက်။

ထိုအမည်နာမနှင့်အတူ စိမ်းစိုသောရေမြေတောတောင်သဘာဝ၊ အစီးသန်လှသော နောက်ကျိကျိချောင်းရေ၊ ရေမဆေးကျောက်ရှာဖွေသူများ၊ မြေစာပုံမှိုင်းညို့ညို့များကို လွမ်းမောတမ်းတလာမိပြန်သည်။ ထိုအလွမ်းတို့ကပင် ခိုင့်အသည်းစိုင်တွင် ရရှိခဲ့ဖူးသော ဒဏ်ရာဟောင်းလေးတစ်ခုကို လှုပ်နှိုးစေခဲ့ချေပြီ။

"တီလေး ဒီပုံထဲက ဦးဦးကဘယ်သူလဲဟင်"

တူမလေး၏အမေးကို ခိုင် ချက်ချင်းမဖြေနိုင်ဘဲ အနှစ်နှစ်အလလက လွမ်းမောတမ်းတခဲ့ရသောသူ၏ မျက်နှာလေးကိုသာ ခိုင် မက်မက်စက်စက်ကြည့်နေမိသည်။ ဓာတ်ပုံ၏ထောင့်စွန်းများတွင် ဆေးရောင်များက ဟိုတစ်ကွက်၊ သည်တစ်ကွက် ပြယ်လွင့်နေသည်။ ထိုပုံလေးထဲမှာတော့ လူတစ်ယောက်သည် စတစ်ကော်လာအင်္ကျီလက်ရှည်နှင့် ပုဆိုးကို သေသပ်စွာ ဝတ်ဆင်လျက် ဘုရားစေတီတော်တစ်ဆူရှေ့တွင် ရပ်လျက်ရှိသည်။ ထိုသူ၏အပြုံးများက နှစ်လိုဖွယ်ကောင်း၏။ သွားတက်ဖွေးဖွေးလေးများပေါ်အောင် ပြုံးရယ်နေသည်မှာလည်း အသက်ဝင်နေသယောင်။

"အဲဒီ ဦးဦးနာမည်က စိုင်းသန့်စင်တဲ့"

အသံကို မတုန်အောင်ထိန်းလိုက်နိုင်ပေမဲ့ ခိုင့်နှုတ်ခမ်းများကတော့ တုန်ရီနေခဲ့ပြီ။ ခိုင့်အခြေအနေကို ရိပ်မိသည့် ကိုခန့်နောင်က ခိုင့်တူမလေးကို အပြင်ကို ခေါ်ထုတ်သွားသည်။ တူမလေးနှင့် ကိုခန့်နောင်တို့ အပြင်ရောက်ပြီဆိုသည်နှင့် ဓာတ်ပုံလေးကိုယူ၍ ရင်ဝယ်ထွေးပွေ့ကာ တသိမ့်သိမ့်ရှိုက်ငိုချမိတော့သည်။

(၂)

"မင်းလိုကောင်နဲ့ ငါ့သမီးကို သဘောမတူနိုင်ဘူး" ဆိုသော ခိုင့် ဖေဖေ၏ တစ်ချက်လွှတ်အမိန့်အောက်မှာ သူ့ခေါင်းကလေးကို ငုံ့ထားပါသည်။ ခိုင့် ဖေဖေ၏ လက်သီးချက်ကြောင့် သူ့နှုတ်ခမ်းထောင့်စွန်းမှာ သွေးများပေကျံနေသည်။ ယောက်ျားတစ်ယောက်၏ မာန်မာနအနေဖြင့် လက်သီးများကိုကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် သူ့အသွင်သဏ္ဌာန်ကိုတော့ ခိုင်ယခုအချိန်ထိ မြင်ယောင်နေမိသေးသည်။

နောက်တစ်နေ့ သူကျောက်ရှာရန် နန်စီပွန်သို့ ထွက်သွားပြီဟု သတင်းကြားတော့ ဖေဖေက ဟားတိုက်ရယ်တော့သည်။

"ကံကိုယုံစားတဲ့ကောင်"၊ "အဖြစ်မရှိတဲ့ကောင်" ဆိုသောစကားလုံးများဖြင့် ခိုင့်ရှေ့တွင် အပြစ်ဆိုပြန်သည်။ ဖေဖေ၏အသိအမှတ်ပြုမှုလေးတစ်ခုတလေကိုမျှ သူမရခဲ့။ လစဉ်လတိုင်း ခိုင့်ထံသို့ သူ့ဆီကစာများ ရောက်လာတတ်သည်။ ဖေဖေ့ကိုကြောက်ရသောခိုင်က သူ့စာကို ဖတ်ပြီးသည်နှင့် အစိတ်စိတ်အမွှာမွှာဖြဲပစ်ကာ မီးရှို့ခဲ့ရသည်။ နောက်ဆုံးတစ်ကြိမ်အနေဖြင့် ရောက်လာသော စာလေးတစ်စောင်ကိုတော့ ဘာကြောင့်ရယ်မသိ ဖြစုတ်မပစ်လို၍ ခိုင်သိမ်းထားခဲ့မိသည်။ နောက်တော့မှ ထိုသို့သိမ်းထားမိခြင်းကိုပင် ကြံဖန်၍ ကျေးဇူးတင်ရပါလေ၏။

(၃)

နန်စီပွန်သည် အဘယ်မျှ ပျော်စရာကောင်းကြောင်း၊ ရှုခင်းသာယာကြောင်းတို့ကို သူ့စာများထဲတွင် ထည့်ကာရေးတတ်၏။ သူနှင့် ခိုင်တို့လက်ထပ်ပြီးလျှင် ထိုအရပ်မှာပဲ အခြေချမည်ဖြစ်ကြောင်းကိုလည်း မကြာခဏထည့်ရေးတတ်သည်။ သူ့အညွှန်းများကြောင့် ခိုင် ထိုအရပ်ကို ရောက်ဖူးချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်ခဲ့ဖူးသည်။ သို့သော် အမှန်တကယ် ရောက်ရှိရသည့်အချိန်မှာတော့ သူရေးခဲ့ဖူးသော နန်စီပွန်၏ အလှအပတို့ကိုပင် မရှုနိုင်၊ မခံစားနိုင်၊ မပျော်နိုင်အားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော်. . .။

(၄)

ရှစ်နှစ်ဆိုသော အချိန်ကာလသည် လူတစ်ယောက်ကို မေ့မည်ဆိုလျှင် ကောင်းစွာမေ့ပစ်ဖို့လုံလောက်သည့် အချိန်ပင်။ သို့သော် ခိုင်ကတော့ သူ့ကို မေ့၍မရ။ အသက်သုံးဆယ်ဆိုသော အပိုင်းအခြားထဲမှာ သူ မရှိတော့သည့် ရှစ်နှစ်ဟာ အကြာဆုံးဟုဆိုရမည်။ ရှင်လျက်နှင့်သေရသည်ထက် အမှန်တကယ်သာ သေသွားလိုက်ချင်သည်။ ခိုင့်မိဘများသာ မရှိခဲ့လျှင် သည်အချိန်ဆို "ခိုင်သီတာ"ဆိုသော အမည်နာမသည် အုတ်ဂူတစ်ခုပေါ်တွင်ရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

"ကို့ရဲ့လပ်ကီးလေးအတွက်"

ခိုင့်ထံသို့ သူ့ဆီက နောက်ဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့သော စာအိတ်လေး။ ဖြူလွှလွှအရောင်လေးက ယခုအချိန်ထိလည်း မညစ်စွန်းသေး။ တယုတယ သိမ်းထုပ်ထားသည့် စာအိတ်လေးထဲမှ ခေါက်ရိုးကျိုးနေသော စာလေးတစ်စောင်ကို ဖြည်းညင်းစွာဆွဲထုတ်ယူလိုက်သည်။ သူ့တွင် ထူးခြားသည့်အချက်က ခိုင့်ဆီကို စာတစ်စောင်ရေးတိုင်း သူ့အငွေ့အသက်ပါစေဖို့ဆိုပြီး စာရွက်ကိုမရေးခင် ရေမွှေးအရင်ဖျန်းပြီးမှ နေရောင်နှင့်အခြောက်ခံကာ စာရေးပေးတတ်ခြင်းပင်။ ထို့ကြောင့် သူ့အငွေ့အသက်ဖြစ်သော သူ့အကြိုက်ဆုံးရေမွှေးရနံ့လေးများ ရှိနေလေဦးမလားဟု မျှော်လင့်တကြီးဖြင့် စာရွက်လေးကိုဖြန့်ကာ ရှူရှိုက်လိုက်မိသည်။ သူ့အငွေ့အသက်တချို့ရှိနေ၍ပဲလား သို့တည်းမဟုတ် ခိုင့်စွဲလမ်းစိတ်ကြောင့်ပဲလားမပြောတတ်။ သူ့အကြိုက်ဆုံးရေမွှေးရနံ့ကို ယခုထိရနေသလိုပင်။

သို့

ချစ်ရတဲ့လပ်ကီးလေး

ကိုယ့်အတွက်ကံကောင်းမှုလက်ဆောင် ခိုင်လေးရေ။ ခိုင်လေးနေကောင်းရဲ့လား။ ကိုအဆင်ပြေခဲ့ရင် အပြန်ကျ ကိုတို့မင်္ဂလာဆောင်ကြမယ်နော်။ ခိုင်လေးနဲ့ နီးရဖို့အတွက်ကိုတော့ တော်တော်လေးကြိုးစားနေရတယ်ခိုင်လေးရေ။ ကို့လို အညတရကျောမွဲတစ်ယောက်ကို ခိုင့်မိဘတွေက သူတို့ရဲ့သမီးနဲ့သဘောမတူတာ မဆန်းပါဘူးလေ။ ဪ. . . ကို့မှာလဲ ခိုင်စိတ်မကောင်းအောင် ပြောမိပြန်ပြီကွယ်။ ကဲပါ ခိုင့်စိတ်ထဲ ဘာမှမထားနဲ့နော်။ ကိုလေ ခိုင့်မိဘတွေလက်ခံနိုင်မဲ့ ရွှေသမက်၊ ငွေသမက်ဖြစ်အောင် ကြိုးစားခဲ့မယ်။ အခုလောလောဆယ် ခိုင်လေးလိုအပ်တာရှိရင်၊ အကူအညီတစ်ခုခုလိုရင် ကို့သူငယ်ချင်းခန့်နောင်ကို ပြောပြ အကူညီတောင်းထားသိလား။ ကျန်းမာရေးလဲဂရုစိုက်။ ကို့အတွက်တော့မပူနဲ့သိလား။ ကိုက ကျန်းမာရေးကောင်းတယ်။ ကျောက်ကောင်းရတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်နော်။

ခိုင်လေးရဲ့ကို

သူ့လက်ရေးဝိုင်းဝိုင်းလေးများကို တစ်လုံးချင်း အသေအချာဖတ်လိုက်သည်။ ရှစ်နှစ်အတွင်း ဖတ်ခဲ့သည့်အကြိမ်ပေါင်း ထောင်သောင်းမကတော့။ သို့သော် ဘယ်နှကြိမ်ဖတ်ဖတ် မျက်ရည်ကကျရမြဲ။

(၅)

သူ့ဇာတ်ဖျားနှင့်ဆုံးပြီဆိုသောသတင်းကို ကြားကြားချင်း ခိုင်မယုံချင်။ မယုံနိုင်သည့်အဆုံး ကိုခန့်နောင်၏ အကူအညီဖြင့် နန်စီပွန်ကို ခိုင် လိုက်သွားခဲ့သည်။ ခိုင့်မိဘအသိုင်းအဝိုင်းက မသွားစေချင်ပေမဲ့ မသွားရလျှင် သတ်သေမည်ဟု အကျပ်ကိုင်ပြီး သူ့ထံပါးသို့ မရောက်ရောက်အောင် ခိုင်သွားခဲ့ပါ၏။ ခိုင်ရောက်ချိန်မှာ သူ့ခန္ဓာဟာ မြေကျနေနှင့်ခဲ့ပြီ။ နီဆွေးဆွေးမြေစာပုံမှိုမှိုလေး၏အထက်တွင် သစ်သားမှတ်တိုင်လေးတစ်ခုကို စိုက်ထူထားသည်။ ထိုမှတ်တိုင်ထက်မှ သူ့အမည်နာမကိုသာ မမြင်ရလျှင် သူဟု ခိုင်လက်မခံချင်သေး။ အချစ်သမားကြီး၏ဈာပနတွင် တဲနားနီးချင်းများမှအပ မည်သူမျှ မလာရောက်မပို့ဆောင်။ ခမ်းနားခြင်းကင်းမဲ့စွာဖြင့် သေဆုံးသွားခဲ့ရသည်ဟု ခိုင် သိရသည်။ သူပြောသလို အညတရတစ်ယောက်မို့ပေလား။ ခိုင် သူ့အတွက်တွေးကာ ရင်နာ၍မဆုံး။

သူ အသည်းအသန်ဖြစ်နေချိန်တွင် သူ့နှုတ်ဖျားမှ "ခိုင်လေး"ဟု တတွတ်တွတ်ရွတ်ဆိုနေခဲ့ကြောင်း သိရပြန်တော့ ခိုင် မျက်ရည် ဘယ်လိုမှမဆည်နိုင်။ ဆွေရိပ်၊ မျိုးရိပ်မရှိ အချစ်တစ်ခုတည်းအတွက်နှင့် ကံကိုယုံ၍ ဆူးချုံနင်းခဲ့မိလေသော သူတစ်ယောက်၏ နောက်ဆုံးအချိန်များမှာ အဘယ်မျှ မွန်းကျပ်နေလိမ့်မလဲ။ တွေးမိလေ ခိုင် သူ့အတွက် နာကျင်ရလေပါ။

သူကြိုးစားစုဆောင်းခဲ့သော ငွေစတချို့ကို တဲနားနီးများက ခိုင့်ထံအပ်ကြသည်။ ထိုငွေများအပါအဝင် ခိုင့်တွင်ပါသော ငွေပမာဏထဲမှပါ စိုက်ထုတ်ပြီး သူ့အတွက်ရည်စူး၍ ဘုရားမှာ ကုသိုလ်ပြုပေးခဲ့သည်။ သာဓုခေါ်၏၊ မခေါ်၏ကို သူသာအသိဆုံးဖြစ်ချေမည်။ သူနှင့်အတူ ခိုင်၏ အသည်းနှလုံးကိုတော့ မြေမြှုပ်ခဲ့ပြီးချေပြီ။ သူချစ်မြတ်နိုးခဲ့ဖူးသော နန်စီပွန်၏ နေရာဒေသအနှံ့အပြားကို ခိုင်သွားရောက်ခဲ့သည်။ သူ့ခြေရာတစ်စတလေများ တွေ့ရလေဦးမလားဟုပင်မျှော်လင့်မိခဲ့ပါသေးသည်။ နောက်ဆုံးအကြိမ်အနေဖြင့် သူနားခိုအိပ်စက်ရာ နေရာဒေသလေးကို ရင်နာနာဖြင့် "နေရစ်ခဲ့ပေအုံးတော့ နန်စီပွန်ရေ"ဟုပြောရင်း သူ တစ်ယောက်ကိုပါ စိတ်ထဲမှ နှုတ်ဆက်ခဲ့သည်။ စက်လှေပေါ်သို့လှမ်းတက်ရင်း ချောင်းကမ်းပါးဆီ ရမ်းရော်ကာ မှန်းမျှော်ကြည့်ခဲ့သေးသည်။ သူများ ခိုင့်ကို လက်ပြနှုတ်ဆက်လေမလားဆိုသော အတွေးနှင့်ပင်။

(၆)

ငိုထားသောကြောင့် မို့အစ်နေသော ခိုင့်မျက်လုံးများကို ရေဖြင့်စင်ကြယ်စွာ ဆေးပေးကြသည်။ ခိုင်၏ အပူရုပ်ကို ဟန်လုပ်ရန်အတွက် အောက်ခံမိတ်ကပ်ကနေစ၍ မျက်နှာတစ်ခုလုံး စိတ်ကြိုက်ခြယ်မှုန်းပေးပြီးသောအခါ အလှပဆုံးအပြုံးတစ်ခုကို ဆင်မြန်းရန် တိုက်တွန်းကြပြန်သည်။ မဲ့ပြုံးလား။ မချိပြုံးလား ဝေခွဲ၍မရ။ ပြုံးတော့ပြုံးပြလိုက်သည်။ အဖြူရောင်ဂါဝန်လှလှလေးကို ခိုင့်အား ဆင်မြန်းပေးကြပြန်သည်။ ထို့နောက် ခေါင်းပေါ်တွင် အဖြူရောင်ဇာအပါးလေးကို လွှမ်းခြုံပေးလာသည်။ လက်ထဲကိုလည်း အဖြူရောင်ပန်းစည်းလှလှလေးထည့်ပေးကြပါ၏။ သမီးကညာအခါမလင့်စေချင်၍ဟူသော အကြောင်းပြချက်က ခိုင့်အားကောင်းစွာစီမံခန့်ခွဲလာချေပြီ။

မနေ့က နောက်ဆုံးအကြိမ်အနေဖြင့် ကြည့်ရှုခွင့်ရခဲ့သော နှစ်လိုဖွယ်အပြုံးပိုင်ရှင်၏ ဓာတ်ပုံလေးသည် ယခုတော့ပြာဖြစ်ခဲ့လေပြီ။ ခိုင့် နှလုံးသည်းပွတ်ထံမှ တဆစ်ဆစ်နာကျင်မှုသည်လည်း ပို၍ဆိုးလာခဲ့ပါ၏။ ပန်းအလှများ၊ မီးရောင်စုံများ၊ ဧည့်ပရိသတ်များကို ကြည့်ရင်းကပင် ခေါင်းထဲရိပ်ခနဲ၊ မိုက်ခနဲဖြစ်လာသည်။ အမြင်အာရုံထဲမှာတော့ သတို့သားနေရာတွင်ရပ်ပြီး ပြုံးရယ်နေသောသူမှာ ကိုခန့်နောင်မဟုတ်ပါဘဲ ခိုင်သိပ်ချစ်ရပါသော၊ ခိုင်မြတ်နိုးရပါသော ကိုစိုင်းသန့်စင်ဖြစ်နေသည်။ သေချာစေရန် မျက်လုံးများကို ပွတ်သပ်၍ကြည့်လိုက်သည်။ ဟုတ်သည်။ သူပါပဲ။ "လာလေ ခိုင်လေး"ဟု သူက ပြုံးရယ်ကာ လက်ကမ်း၍ခေါ်နေသောကြောင့် ခိုင် ဝမ်းသာအားရဖြင့် သူ့လက်လေးကိုလှမ်း၍ ဆုပ်ကိုင်လိုက်သည့် အခါမှာတော့ ခိုင့်ဝိညာဉ်ဟာ ခန္ဓာနှင့် ကွဲကွာသွားပါတော့သည်။

# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရှိ ရေနံစိမ်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ရောင်းချပေးမည်



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနတွင် ရေနံစိမ်းတွဲ ခြောက်တွဲရှိ ရေနံစိမ်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ရေနံစိမ်းများကို မျက်မြင်အခြေအနေအတိုင်း အပြောင်ရှင်းစနစ်ဖြင့် တစ်ပေါင်းတည်းရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ရောင်းချပေးသွားမည့်ရေနံစိမ်းများမှာ ဓာတုဗေဒစက်ရုံ(သံပရာကန်)တွင်ရှိနေပြီး ရောင်းချပေးမည့် ရေနံစိမ်းပမာဏမှာ ၁၀၀၈၀၇ ဂါလန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေနံစိမ်းအရည်အနှစ်များကို ယခုနှစ် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရောင်းချ ပေးသွားမည်ဖြစ်သောကြောင့် ဝယ်ယူလိုသူများအနေဖြင့် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်၌ တင်ဒါအဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်း၊ ယခုနှစ် အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် တင်ဒါအဆိုပြုလွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတုဗေဒစက်ရုံ(သံပရာကန်)မှထုတ်လုပ်သည့် ရေနံမီးသွေး (Petroleum Coke) များကို လက်ကျန် (Stock) အခြေအနေပေါ်မူတည်၍ လစဉ်ပြောင်းလဲသတ်မှတ်သော ဈေးနှုန်းများဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လစဉ်ရောင်းချပေးနေကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

# ငဖဲမြို့နယ် စည်သာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ငဖဲ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငဖဲမြို့နယ် စည်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



စည်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၁ သိန်း စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၁ သိန်း အသုံးပြု၍ အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ကိုးပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝိုင်းယုမော်ထံမှ သိရသည်။

**အထွေး**

# တန့်ယန်းမြို့နယ် ပန်ဟုန်း(မန်ဟုန်း)ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တန့်ယန်းမြို့နယ် ပုတ်လောင်းကျေးရွာအုပ်စု ပန်ဟုန်း(မန်ဟုန်း) ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ပန်ဟုန်း(မန်ဟုန်း)ကျေးရွာ၌ သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါပန်ဟုန်း(မန်ဟုန်း)ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည် တစ်မိုင် သုံးဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၆၅ သန်းဖြင့် ရွှေပင်ပေါက်ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေး လုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၆၀၊ လူ ၂၄၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

**နီလာ**

## ဘဝတိုက်ပွဲ ရင်ဆိုင်နွှဲ

\- လာစမ်းဟဲ့ လောကဓံ
အညှံ့မခံ ဘဝလမ်း၊
ဒုက္ခကို ရင်ဆိုင်နွှဲလို့
အားခဲလျှောက်လှမ်း။

\- ဘဝအခြေ ဘယ်လိုကြမ်း
မလျှော့တမ်း ခရီးနှင်
ရှေ့ဆက်ရန်ပြင်၊
လှံ့လဇွဲ ရှိဖို့ပင်
ဉာဏ်နှင့်ယှဉ်အရောက်သွား၊
ဒုက္ခကို အလဲထိုးမှ
တိုးတက်မှုများ။

\- ပန်းတိုင်ကို ရွေးချယ်ထား
စွန့်စားလို့ တံခွန်ထူ၊
အခက်ခဲတွေ ကျော်ဖြတ်လို့
မှတ်ကျောက်တင်ယူ၊
အောင်မြင်မှု သရဖူ
ပိုင်ဆိုင်သူ ဖြစ်ဖို့အရေး၊
ဆန္ဒကို အရင်းပြုလို့
ထုဆစ်မနှေး။ ။

**မောင်လူစိုး**

# မိုးမိတ်မြို့နယ် ကင်းချောင်း(ဈေး)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကင်းချောင်း (ဈေး)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကင်းချောင်း(ဈေး)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် လမ်းရေရှည်တည်တံ့စေရေးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မိုးမိတ်မြို့နယ် ကင်းချောင်း (ဈေး)ကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၁ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၇၁ ဒသမ ၅ သိန်းဖြင့် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

# အရောင်များ၏အဓိပ္ပာယ်နှင့် အစွမ်းသတ္တိများ

ခိုင်ဇင်

အရောင်တိုင်းတွင် အစွမ်းသတ္တိရှိကြသည်။ အရောင်များသည် လူသားတို့၏ စိတ်ခံစားချက်များ၊ စိတ်ခံစားမှုများနှင့် အပြုအမူများအပေါ်တွင် သက်ရောက်မှုများရှိတတ်သည်။ လေ့လာမှုများအရ အရောင်နှင့်ပတ်သက်ပြီး လူတစ်ဦးချင်းစီ၏ ခံစားမှုချင်းမတူညီကြပေ။ အရောင်ဆိုင်ရာစိတ်ပညာအရ အရောင်နှင့်ပတ်သက်သော အယူအဆများစွာရှိကြောင်း လေ့လာတွေ့ရှိရသည်။

အထူးသဖြင့် ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အမှတ်တံဆိပ်ပြုလုပ်ခြင်း နယ်ပယ်များတွင် အရောင်နှင့် လူတို့၏စိတ်ခံစားမှုကြား ဆက်နွယ်မှုရှိသည်ကို မရေမတွက်နိုင်သောလေ့လာမှုများပြုလုပ်ခဲ့သည်။ လေ့လာမှုများမှ တွေ့ရှိချက်တချို့မှာ ထုတ်လုပ်ထားသော ထုတ်ကုန်တွင် အသုံးပြုထားသည့် အရောင်အပေါ်မူတည်ပြီး သုံးစွဲသူများ၏ စိတ်မှဖြစ်သော ဝယ်ယူမှုဆုံးဖြတ်ချက်များ၏ ၈၅ရာခိုင်နှုန်းကို အရောင်များက လွှမ်းမိုးထားသည်။ ထုတ်ကုန်အရည်အသွေးအကဲဖြတ်မှု၏ ၆၂ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းခန့်သည် အရောင်အပေါ်အခြေခံသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် ထုတ်ကုန်တွင် အသုံးပြုထားသည့် အရောင်အပေါ်မူတည်ပြီး အရည်အသွေးကိုလည်း သတ်မှတ်ကြသည်။

အခြေခံအားဖြင့် အရောင်များသည် အမှတ်တံဆိပ်၏ အရည်အသွေးကို သုံးစွဲသူများက မည်ကဲ့သို့ ရှုမြင်ပုံအပေါ်လည်းမူတည်သည်။ ထို့ကြောင့် စာဖတ်သူတို့အနေဖြင့် အရောင်၏ အဓိပ္ပာယ်များ၊ သင့်တော်လိုက်ဖက်သောအရောင်များ ရွေးချယ်နိုင်စေရန်နှင့် အရောင်၏စွမ်းအားကို မည်သို့အသုံးပြုရမည်ကို ဗဟုသုတရစေရန် ဖော်ပြသွားပါမည်။

ထုတ်ကုန်အမှတ်တံဆိပ်တစ်ခုနှင့် အမြင်ဆိုင်ရာ အထောက်အထားများသည် ပုံသဏ္ဍာန်များ၊ သင်္ကေတများ၊ နံပါတ်များနှင့် စကားလုံးများကဲ့သို့သော အမြင်အာရုံဆိုင်ရာ သင်္ကေတများစွာ ပါဝင်မည်ဖြစ်သော်လည်း လူအများစုမှတ်မိနေသည့် နံပါတ်တစ် အမြင်အာရုံမှာ အရောင်များပင်ဖြစ်သည်။

Branding နှင့်ပတ်သက်လာသည့်အခါ အရောင်၏ စွမ်းအားသည် စိတ်ခံစားမှုနှင့်ပတ်သက်သည့်အတွက် ထုတ်ကုန်တွင်သုံးထားသည့် အရောင်ရွေးချယ်မှုမှန်လျှင် ထုတ်ကုန်အား ဝယ်ယူလိုစိတ်ကို ဖြစ်စေသည်။ အရောင်နှင့်ပတ်သက်သည့် စိတ်ခံစားမှုအဆင့်တွင် အမှတ်တံဆိပ်တစ်ခုကို ကြည့်ရှုသည့်အခါ သုံးစွဲသူများ၏ ခံစားချက်အပေါ်မူတည်ကာ သက်ရောက်မှုရှိနိုင်ပြီး လက်တွေ့ကျသော အမှတ်တံဆိပ်၏ အရောင်သည် ၎င်းထုတ်ကုန်ကို ပေါ်လွင်အောင် ကူညီပေးနိုင်စွမ်းရှိသည်။

ထို့ကြောင့် အရောင်အသွေး၏အဓိပ္ပာယ်များနှင့် သင်္ကေတများကို သိရှိထားခြင်းဖြင့် အထောက်အကူများစွာဖြစ်စေသောကြောင့် အမှတ်တံဆိပ်အတွက်ဖြစ်စေ၊ အဝတ်အစားရွေးချယ်မှုအတွက်ဖြစ်စေ မည်သည့်နေရာတွင်မဆို မပါမဖြစ်သောအရောင်များ အကြောင်းကိုလေ့လာပြီး သင့်တော်လိုက်ဖက်သည့်အရောင်ကို ရွေးချယ်ကြည့်နိုင်ရန် ဖော်ပြသွားပါမည်။

အရောင်များတွင် အုပ်စု သုံးမျိုးရှိသည်။ နွေးထွေးသောအရောင်(Warm)၊ အေးမြသောအရောင်(Cool) နှင့်ကြားနေအရောင်(Neutral)ဟူ၍ ရှိသည်။

**နွေးထွေးသော အရောင်များ**

နွေးထွေးသောအရောင်များတွင် အနီရောင်၊ အဝါရောင်၊ လိမ္မော်ရောင်နှင့် ပန်းရောင်ကဲ့သို့သော အရောင်အမျိုးအစားများ ပါဝင်သည်။ ၎င်းအရောင်များ၏တောက်ပမှုသည် နေ၏အရောင်နှင့်ဆင်တူကာ ဆက်စပ်မှုရှိသောကြောင့် နွေးထွေးမှုကိုဖြစ်ပေါ်စေသည်။ ယေဘုယျအားဖြင့် ၎င်းအရောင်များသည် အကောင်းမြင်စိတ်နှင့် စိတ်အားထက်သန်မှုကို ဖော်ပြသည်။

**အေးမြသော အရောင်များ**

အေးမြသောအရောင်များတွင် အစိမ်းရောင်၊ အပြာရောင်၊ ခရမ်းရောင်နှင့် ခရမ်းရောင်ကဲ့သို့ မျိုးကွဲအရောင်များစွာပါဝင်သည်။ ၎င်းအရောင်များသည် သဘာဝအတိုင်းတွေ့ရလေ့ရှိသော အရောင်များဖြစ်သောကြောင့် အေးမြခြင်းသဘောရှိသည်ဟု ယူဆကြသည်။ ထို့ပြင် ၎င်းတို့သည် ငြိမ်သက်ခြင်းသဘော သက်ရောက်မှုရှိသည့်အတွက် လူသိများသည်။ ၎င်းအရောင်များသည် အရောင်ငြိမ်များဖြစ်သည့်အတွက် မျက်စိအေးကာ သိမ်မွေ့ခြင်းသဘောကိုဆောင်သည်။

**ကြားနေ အရောင်များ**

ကြားနေအရောင်များတွင် အညိုရောင်၊ အနက်ရောင်၊ အဖြူရောင်တို့အပြင် မီးခိုးရောင်ကဲ့သို့သော အရောင်များ ပါဝင်သည်။ ၎င်းတို့သည် နွေးထွေးသော သို့မဟုတ် အေးမြသောအရောင်များဖြင့် တွဲလေ့ရှိသော်လည်း ၎င်းတို့၏သဘာဝသည် ထူးခြားဆန်းပြားသည်။ ၎င်းတို့သည် အစွမ်းထက်ကာ သန့်ရှင်းခြင်းသဘောရှိပြီး တစ်ခါတစ်ရံ မြေကြီး၏အရောင်အဖြစ် ကြားနေအရောင်များကိုသတ်မှတ်ကြသည်။ အရောင်အမျိုးအစားတစ်ခုချင်းစီ၏ အဓိပ္ပာယ်များနှင့် သတ်မှတ်မှုများကို ဖော်ပြပါမည်။



**အနီရောင်**

အနီရောင်သည် ဒေါသ၊ အနစ်နာခံမှု၊ အန္တရာယ်၊ အပူ၊ ကိလေသာနှင့် ပြင်းထန်သော စိတ်ခံစားမှု၏ အရောင်ဟု သတ်မှတ်ကြသည်။ အနီရောင်ကို Branding နှင့် Logo များတွင် အများဆုံးအသုံးပြုကြသည်။ ၎င်းကို မီးရောင်နှင့် သွေးတို့အပြင် အချစ်တရားနှင့်ဆက်နွယ်ခြင်းကို ဖော်ကျူးရာတွင်လည်း အသုံးပြုကြသည်။ ၎င်းသည် ရဲရင့်မှု၊ တက်ကြွမှု၊ ခွန်အား၊ ယုံကြည်မှုနှင့် စွမ်းအားတို့ကို ကိုယ်စားပြုနိုင်သည့်အရောင်ဖြစ်သည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့သော အာရှနိုင်ငံအများအပြားတွင် အနီရောင်ကို ပျော်ရွှင်မှု၊ သုခနှင့် ကံကောင်းခြင်း၏အရောင်အဖြစ် မှတ်ယူကြသည်ကို လေ့လာတွေ့ရှိရသည်။

**ပန်းရောင်**

ပန်းရောင်ကို အနောက်နိုင်ငံများတွင် မိန်းမပီသသော၊ မိန်းမဆန်သည့်အရောင်အဖြစ် သတ်မှတ်ကြသည်။ ထို့အတွက်ကြောင့် အမျိုးသမီးများနှင့်ဆိုင်သောထုတ်ကုန်များတွင် ပန်းရောင်ကိုအများဆုံး အသုံးပြုလေ့ရှိပါသည်။ ပန်းရောင်ဖျော့ဖျော့ဖြင့် အမျိုးသမီးငယ်များကို ရည်ရွယ်လေ့ရှိပြီး ရင့်ခုန်စရာကောင်းသောငယ်ရွယ်နုပျိုမှုကိုလည်း ပန်းရောင်ဖြင့် ကိုယ်စားပြုကြသည်။

**လိမ္မော်ရောင်**

အနီရောင်၏ နွေးထွေးမှုနှင့် အဝါရောင်၏ အကောင်းမြင်ဝါဒကို ရောနှောကာ ဖြစ်ပေါ်လာသော လိမ္မော်ရောင်သည် လှုပ်ရှားမှုနှင့် စွမ်းအင်ကို ဆက်သွယ်ပေးသည်။ ၎င်းအရောင်သည် တွေ့မြင်ရသူကို လန်းဆန်းစေပြီး ကျန်းမာစေသည်။ လိမ္မော်ရောင်တွင် အနုအရင့်အရောင်ကွဲပြားမှုအပေါ်မူတည်ပြီး မတူညီသော အဓိပ္ပာယ်များနှင့် သက်ရောက်မှုများရှိသည်။ ဥပမာအားဖြင့် လိမ္မော်ရောင်အဖျော့သည် ချိုမြိန်ခြင်း၊ နှစ်လိုဖွယ်ကောင်းခြင်းသဘောကိုဆောင်ပြီး လိမ္မော်ရောင်တောက်တောက်သည် တက်ကြွမှု၊ စွမ်းအင်နှင့် အားပေးမှုတို့ကို ကိုယ်စားပြုသည်။ ထို့ကြောင့် လိမ္မော်ရောင်သည် ပျော်ရွှင်မှု၊ တက်ကြွမှုတို့နှင့်ဆက်စပ်နေသောကြောင့် နုပျိုပြီး တက်ကြွခြင်းနှင့်ဆိုင်သည့် ထုတ်ကုန်အမှတ်တံဆိပ်များနှင့် ဇိမ်ခံမှု၊ ရိုးရာနှင့်ဆိုင်သော အမှတ်တံဆိပ်များတွင် အများဆုံးအသုံးပြုကြလေ့ရှိသည်ကို တွေ့နိုင်သည်။

**အဝါရောင်**

နေရောင်ခြည်၏အရောင်သည် အဝါရောင်နှင့်ဆင်တူသည်။ ၎င်းသည် အဝေးမှမြင်နိုင်ဆုံးအရောင်ဖြစ်သည်။ ထို့ကြောင့် ၎င်းကို လမ်းဆိုင်းဘုတ်များတွင် အသုံးပြုကြသည်။ အဝါရောင်သည် ရွှင်လန်းမှု၊ ဖော်ရွေမှု၊ ပျော်ရွှင်မှုနှင့် စွမ်းအင်တို့ကို ဆက်သွယ်ပေးသည်။ စိတ်ကြည်လင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးတို့နှင့်လည်း ဆက်စပ်သည်ဟုလေ့လာတွေ့ရှိရသည်။ ထို့ပြင် အဝါရောင်ကို အသက်ကယ်အင်္ကျီများ၊ တားမြစ်နေရာများတွင် ရဲများ အသုံးပြုချည်နှောင်ထားသောတိပ်များနှင့် အန္တရာယ်ရှိသောနေရာများ၌ အသုံးပြုကြသည်။

**အစိမ်းရောင်**

အစိမ်းရောင်ကို ယနေ့ခေတ်တွင် အဓိပ္ပာယ်နှစ်မျိုးရှိသည်။ တစ်ခုမှာ သဘာဝနှင့် ပတ်ဝန်းကျင်ဖြစ်ပြီး နောက်တစ်ခုမှာ ငွေကြေးနှင့် ကြွယ်ဝမှုဖြစ်သည်။ သဘာဝနှင့်ပတ်သက်လာလျှင် အစိမ်းရောင်သည် အပင်များ၏ အသက်နှင့်ကြီးထွားမှုကို ကိုယ်စားပြုပြီး သဘာဝပတ်ဝန်းကျင်၊ ရေရှည်တည်တံ့သော၊ အော်ဂဲနစ်၊ သဘာဝသဘောအရ စိမ်းလန်းခြင်းဟူသော စကားလုံးကို ဖော်ပြရန်အတွက် အသုံးပြုလေ့ရှိသည်။ ထို့ပြင် အမေရိကန်ငွေကို အစိမ်းရောင်ဖြင့် နှိုင်းလေ့ရှိသည့်အတွက် ချမ်းသာမှုနှင့် တည်ငြိမ်မှုတို့နှင့် ဆက်စပ်နေသည်။ ထို့ကြောင့် အစိမ်းနုရောင်ကိုမူ ကြီးထွားမှု၊ တက်ကြွမှုနှင့် အသစ်ပြန်လည်ဆန်းသစ်မှုတို့ကို ညွှန်ပြသောအခါတွင် အသုံးပြုလေ့ရှိသည်။ အစိမ်းရင့်ရောင်ကိုမူ ဝုဏ်သိက္ခာ၊ ကြွယ်ဝမှုနှင့် ကြွယ်ဝမှုကို ကိုယ်စားပြုသည့်အခါ သုံးကြသည်။

**အပြာ**

အပြာရောင်သည် မင်းမျိုးမင်းနွယ်များ၊ အနုပညာ၊ စစ်ရေး၊ စီးပွားရေးနှင့် သဘာဝတရားတို့နှင့် ကြာမြင့်စွာ ဆက်စပ်နေခဲ့သော အရောင်ဖြစ်သည်။ အပြာရောင်ကို ယုံကြည်စိတ်ချရမှုနှင့် ဆက်သွယ်ရေးကိုပြသသည့်အခါတွင် သုံးကြသည်။ (ဥပမာ Face-book, Twitter)။ အပြာရောင်သည် ပင်လယ်နှင့် ကောင်းကင်တို့နှင့် ဆက်စပ်လျက်ရှိသောကြောင့် အေးဆေးတည်ငြိမ်သည့် သဘာဝရှိသော်လည်း ဝမ်းနည်းမှုနှင့် စိတ်ဓာတ်ကျခြင်းကို ဖော်ပြရာတွင်လည်း အပြာရောင်ကိုသုံးသည်။ အပြာရောင်ကိုအသင်းအဖွဲ့နှင့် အားကိုးရသော၊ ငြိမ်သက်အေးချမ်းသော သဘောကိုဖော်ကျူးရာတွင် သုံးသည့်အပြင် အမှိုက်ပုံးတွင်လည်း သုံးကြသည်။

**ခရမ်းရောင်**

မင်းမျိုးမင်းနွယ်၊ ဘုန်းတန်ခိုးအာနုဘော်၊ ဝိညာဉ်ရေးရာ၊ လျှို့ဝှက်ဆန်းကြယ် စသည်တို့ကို ဖော်ပြလိုလျှင် ခရမ်းရောင်ကိုသုံးကြသည်။ ခရမ်းရောင်ကို မင်းဆွေမင်းမျိုး၊ ဘုန်းတန်ခိုးအာနုဘော်၊ မြင့်မြတ်မှုတို့အပြင် ဝိညာဉ်ရေးရာ သို့မဟုတ် လျှို့ဝှက်ဆန်းကြယ်သော သဘာဝကို ခရမ်းရောင်ဖြင့်ဖော်ပြလေ့ရှိသည်။ ခရမ်းရောင်သည် အမျိုးသမီးများအတွက် ထိပ်တန်းအရောင်အဖြစ် ဖော်ပြသောကြောင့် အမျိုးသမီးများကို ဆွဲဆောင်ရန် ခရမ်းရောင်ကိုအသုံးပြုသည်။

**အညိုရောင်**

အညိုရောင်ကို ယနေ့ခေတ်တွင် အော်ဂဲနစ်နှင့် သဘာဝအစားအစာ၊ အလှအပနှင့် ထုတ်ကုန်များကို ဖော်ပြရာတွင် အသုံးပြုသည်ကိုတွေ့ရသည်။ ၎င်းသည် စည်းလုံးညီညွတ်မှု၊ စည်းစနစ်ကျမှုနှင့် အခြေခံဖြစ်တည်မှုတို့ကို ကိုယ်စားပြုသည်။ အညိုရောင်သည် ရိုးရိုးရှင်းရှင်း၊ ခိုင်ခံ့မှု၊ တာရှည်ခံမှု၊ ရိုးသားမှုသဘောရှိသည့်အတွက် အခြားအရောင်များထက် ၎င်းကို အသုံးပြုလျှင် ပိုမိုကောင်းမွန်သည့်သက်ရောက်မှု ရှိသည့်အတွက် ထုတ်ကုန်များကို အဆင့်မြှင့်တင်ရန်အတွက် သုံးကြလေ့ရှိသည်။

**အဖြူ**

အဖြူရောင်သည် ရိုးရှင်းမှု၊ သန့်ရှင်းမှု၊ အပြစ်ကင်းမှုနှင့် ပြီးပြည့်စုံမှုကို ကိုယ်စားပြုသည်။ အဖြူရောင်အသုံးပြုထားသည့် အမှတ်တံဆိပ်တစ်ခုကို ဥပမာပြရလျှင် Apple ဖြစ်သည်။ အဖြူရောင်သည် ထုတ်ကုန်များ၏ ပုံစံနှင့်လုပ်ဆောင်ချက် နှစ်မျိုးလုံး၏ ရိုးရှင်းမှုကို ကိုယ်စားပြုသည်။ အဖြူရောင်သည် အသေးစိတ်သည့်သဘော၊ သန့်ရှင်းပြီး ခေတ်မီသော အရည်အသွေးကိုဖော်ပြရန် ဒီဇိုင်နာများက မကြာခဏအသုံးပြုလေ့ရှိသည်။

**အနက်ရောင်**

အနက်ရောင်သည် အာဏာရှိမှု၊ စွမ်းအား၊ ဇိမ်ခံမှု၊ ဆန်းပြားမှုနှင့် သီးသန့်တည်ရှိမှုကို ကိုယ်စားပြုသည်။ သေခြင်းတရား၊ မကောင်းမှု၊ဝမ်းနည်းခြင်းများ ဖော်ကျူးရာတွင် အနက်ရောင်ကို သုံးကြသည်။ အနက်ရောင်သည် အမှတ်တံဆိပ်၏ အသိအမှတ်ပြုမှုကို တိုးမြှင့်လာစေသော်လည်း အနက်ရောင်ကို သင့်လျော်စွာအသုံးမပြုသည့်အခါတွင် အနက်ရောင်သည် အမှတ်တံဆိပ်တစ်ခု၏ ဂုဏ်ရည်များကိုကျစေနိုင်သည်။

ယခုဖော်ပြထားသည်များမှာ အရောင်များနှင့် ၎င်းတို့၏အဓိပ္ပာယ်အကျဉ်းချုပ်ဖြစ်ပြီး ဗဟုသုတရစေရန် ရည်ရွယ်ဖော်ပြပေးလိုက်ပါသည်။

**Color Meanings – The Power and Symbolism of Colors ကို ဘာသာပြန်ဆိုသည်။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## စိတ်ကောင်းရှိက ကောင်းကျိုးရ

မင်္ဂလာပါ ကလေးတို့ရေ။ ဟိုရှေးရှေးတုန်းကပေါ့ကွယ်။ ရွာလေးတစ်ရွာမှာ မယ်ညီနဲ့ မယ်ဖြူဆိုတဲ့ ညီအစ်မနှစ်ယောက်ရှိသတဲ့။ ဒါပေမဲ့ သူတို့ညီအစ်မနှစ်ယောက်ဟာ အကျင့်စရိုက်ကတော့ အတော်လေးကွာခြားသတဲ့ကွယ်။ မယ်ညီက စိတ်သဘောထားမဖြူစင်ဘူး။ အခြားသူတွေပေါ်မှာသာမက ညီအစ်မအရင်း မယ်ဖြူပေါ်ကိုတောင် ယုတ်မာကောက်ကျစ်တဲ့စိတ်ရှိသတဲ့ကွယ်။ မယ်ဖြူလေးကတော့ နာမည်လေးနဲ့လိုက်အောင် ဖြူဖြူစင်စင်ကလေးနဲ့စိတ်သဘောထားပြည့်ဝသူမို့ တစ်ရွာလုံးက ချစ်ကြသတဲ့ကွယ်။ မယ်ညီကိုတော့ သူ့ရဲ့အကျင့်စရိုက်ကိုသိကြလေတော့ မေးထူးခေါ်ပြောတောင် မလုပ်ကြဘူးတဲ့။

ဒီလိုနဲ့ မိဘတွေကွယ်လွန်သွားတော့ ပိုင်ဆိုင်သမျှပစ္စည်းဥစ္စာတွေကို ခွဲဝေကြသတဲ့ကွယ်။ မယ်ညီက အကြီးဖြစ်တော့ သူစီမံသလို မယ်ဖြူလေးက လက်ခံရတာပေါ့ကွယ်။ သူ့အစ်မအပေါ်မှာလဲ စိတ်ဆိုးခြင်းမရှိဘဲ ခွင့်လွှတ်သတဲ့။ လယ်မြေနှစ်ကွက်ရှိတာ မြေဆီဩဇာကောင်းပြီး သီးနှံဖြစ်ထွန်းတဲ့အကွက်ကိုသူယူပြီး ထွန်ယက်စိုက်ပျိုးလို့ခက်တဲ့လယ်ကို မယ်ဖြူကိုပေးသတဲ့။ အိမ်ကိုလဲ ရွာလယ်ကအိမ်ကြီးကို သူယူပြီး ညီမဖြစ်သူ မယ်ဖြူကို မိဘတွေလက်ဝတ်လက်စားရောင်းရငွေနဲ့ ရွာစွန်ကအိမ်ကလေးတစ်လုံးကို ဝယ်ပေးပြီး အမွေအပြီးတိုင် ခွဲပေးလိုက်သတဲ့ကွယ်။ ရွာသူ၊ ရွာသားတွေကတော့ မယ်ညီက ညစ်ပတ်တာ မခံနဲ့လို့ပြောပေမဲ့ မယ်ဖြူလေးက သဘောထားကြီးစွာ လက်ခံလိုက်သတဲ့ကွယ်။ မယ်ညီကတော့ သူစီမံသလိုဖြစ်လာတော့ ပျော်ရွှင်နေတာပေါ့ကွယ်။




စိတ်သဘောထားကောင်းတဲ့ မယ်ဖြူလေးဟာ သူရရှိတဲ့လယ်ကွက်လေးမှာ အပင်ပန်းခံပြီး စိုက်ပျိုးဖို့လုပ်တာပေါ့ကွယ်။ တစ်နေ့မှာ လယ်မြေကို မြေဖွထိုးဆွရင်း ရွှေအိုးကြီးတစ်လုံးကို မယ်ဖြူကရရှိလိုက်သတဲ့။ ဒါကြောင့် မယ်ဖြူက နေ့ချင်း၊ ညချင်း ကြီးပွားတိုးတက်ချမ်းသာသွားတာပေါ့ကွယ်။ အိမ်အကြီးကြီးဆောက်ပြီး အလုပ်သမားတွေငှားရမ်းကာ အေးဆေးဆေးနေရတာပေါ့ကွယ်။ အမြဲတမ်းမနာလိုကောက်ကျစ်တတ်တဲ့ မယ်ညီဟာ မယ်ဖြူ ဒီလိုချမ်းသာလာတာကို မနာလိုဖြစ်ပြီး ယုတ်မာဖို့အကောက်ကြံသတဲ့။ သူ့လယ်နဲ့ မယ်ဖြူရဲ့ လယ်ကို လဲပေးဖို့ တောင်းဆိုသတဲ့ကွယ်။ စိတ်သဘောထားဖြူစင်တဲ့ မယ်ဖြူလေးက အစ်မဆန္ဒကိုလိုက်လျော လိုက်တာပေါ့ကွယ်။

လောဘဇောတိုက်နေတဲ့ မယ်ညီဟာ မယ်ဖြူတောင် ရွှေအိုးတွေ့သေးတာ ငါလဲတွေ့အောင်ရှာမယ်ဆိုပြီး မြေနေရာအနှံ့ ထိုးဆွရှာတော့တာပေါ့။ ကံဆိုးချင်တော့ ရွှေအိုးမတွေ့တဲ့အပြင် မြေတွင်းထဲမှာ ခိုအောင်းနေတဲ့ မြွေဟောက်ကြီးက ပေါက်သတ်လိုက်လို့ နေရာမှာ ပွဲချင်းပြီး သေဆုံးသွားသတဲ့ကွယ်။ မယ်ညီသေဆုံးသွားတော့ သူပိုင်ဆိုင်သမျှကို ညီမဖြစ်သူ မယ်ဖြူလေးကပဲ ပိုင်ဆိုင်ရတော့ ပိုပြီးချမ်းသာသွားရတာပေါ့ကွယ်။ မယ်ဖြူလေးဟာ အစ်မမယ်ညီပိုင်ဆိုင်သမျှကို ဘာမှမယူဘဲ ထုခွဲရောင်းချပြီး အလှူအတန်းလုပ်ပေးသတဲ့ကွယ်။ အားလုံးက မယ်ဖြူလေးရဲ့စိတ်သဘောထား ပြည့်ဝမှုကို ချီးကျူးလေးစားကြသလို စိတ်ယုတ်မာမှုကြောင့် အသေဆိုးနဲ့သေဆုံးသွားတဲ့ မယ်ညီကိုကြည့်ပြီး ကြောက်လန့်ကုန်ကြတာပေါ့ကွယ်။

ဒီပုံပြင်လေးကိုနားထောင်ပြီး ကလေးတို့လဲ မှတ်ထားရမယ်နော်။ စိတ်ယုတ်မာရှိပြီး ကောက်ကျစ်စိတ်ထားတဲ့သူတွေဟာ မယ်ညီလိုပဲ ဘဝဆိုးမျိုးနဲ့ကြုံတွေ့ရတတ်တယ်ကွဲ့။ စိတ်သဘောထားဖြူစင်ပြီး သည်းခံတတ်တဲ့ မယ်ဖြူလေးဟာ လူချစ်လူခင်လဲပေါများသလို စိတ်ကောင်းစေတနာအကျိုးကိုခံစားရကြောင်း သင်ခန်းစာယူရမယ်နော်။

မနာလိုဝန်တိုတတ်တဲ့စိတ်၊ ကောက်ကျစ်ယုတ်မာတတ်တဲ့စိတ်တွေကို ရှောင်ရှားပြီး စိတ်သဘောထားဖြူစင်စွာ နဲ့ လောကကိုအလှဆင်နိုင်တဲ့ ပန်းကလေးတွေလိုဖြစ်ကြပါစေလို့ အားလုံးကို ဆုတောင်းပေးလိုက်ရပါတယ်ကွယ်။

**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

## စာဖတ်ကြမယ်

♦ ဗဟုသုတ တိုးဖို့ရာ
စာပေလေ့လာပါ၊
သုတပညာ ရှာဖွေမှတ်
နေ့စဉ်စာကိုဖတ်။

♦ သိဉာဏ်ထက်ဖို့ ဖေးမကူ
ကျောင်းသားတို့ညီတူ၊
ကြီးစားသင်ယူ ပညာပေး
စာဖတ်ကြမယ်လေ။ ။

**မြတ်မင်းဇော်**





## ထူးမြတ်သီတင်းကျွတ်

♦ မီးပုံးလေးတွေ ရောင်စုံပါ
အိမ်တိုင်းအိမ်တိုင်းမှာ၊
လှပစွာ ထွန်းညှိကြ
ပူဇော်မြတ်ဗုဒ္ဓ။

♦ ကြာငါးထွေက ဖူးပွင့်ပြိုင်
ရနံ့သင်းပျံ့ကြိုင်၊
တေးသံလှိုင်လှိုင် မင်္ဂလာပွဲ
ဆင်နွှဲအချိန်ပဲ။

♦ ရှစ်ခွင်တိုင်းလည်း နှင်းမြူတွေ
ကျဆင်းအေးချမ်းစေ၊
ဥတုမိုးလေ ဝါကင်းလွတ်
ထူးမြတ်သီတင်းကျွတ်။ ။




**ထက်မြတ်(သနပ်ခါးမြေ)**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံကျော်ရရှိ



**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့ရာတွင် နိုင်ငံပိုင်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော် ရရှိခဲ့ပြီး ပုဂ္ဂလိကပိုင်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံကျော် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ စက်တင်ဘာ ၂၃ ရက်ထိ ကာလအတွင်းမှာ CMP လက်ခစား ချုပ်ပြီးအထည် အပါအဝင် စက်မှုကုန်ချောပစ္စည်း ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံကျော် ရရှိခဲ့ပါတယ်။ ဒီကာလအတွင်းမှာ နိုင်ငံပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော် ရရှိထားတာဖြစ်ပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံကျော် ရရှိထားတာဖြစ်ပါတယ်"ဟု ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံမှ တင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် CMP လက်ခစား ချုပ်ပြီးအထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သကြားနှင့် အခြားစက်မှုကုန်ချောပစ္စည်းများပါဝင်ပြီး မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည် တင်ပို့မှုသည် ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာတွင် သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာတွင် ချည်မျှင်နှင့်အထည်အလိပ် တင်သွင်းမှုရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ASH

# လင်းခေးမြို့နယ် ဝမ်မိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လင်းခေး အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝမ်မိုက်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသော တောင်သူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက တောင်သူများသိရှိဝယူနိုင်စေရန် နေကြာမျိုးစေ့များအကြောင်းနှင့် မြေဩဇာများအကြောင်း၊ နေကြာအထွက်တိုးစေရန် စနစ်တကျစိုက်ပျိုးရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ဝမ်မိုက်ကျေးရွာမှ နေကြာစိုက်တောင်သူ စုစုပေါင်း ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝမ်မိုက်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးသူ**

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ






အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၆၀၈၈၄၄

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အရည်အသွေးမြင့်မား တာယာမှာ



TRISTAR
TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၆၀၈၈၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

PCR,TBR,TBB
တာယာအရွယ်အစားမျိုးစုံ
ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဇရုတ်သီး၊ ဇရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ ရေကူး၊လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။

တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ(Guardian) အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကိုရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှကောက်နုတ်ချက်)

၄-၈-၂၀၂၂

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးကို ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေး ချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက် အနက်

**စာမျက်နှာ ၂၂ ကော်လံ ၄** ☆

**သီတင်းကျွတ်ပိတ်ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး ချောင်းသာနှင့် ငွေဆောင်ကမ်းခြေရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ကြိုတင်စာရင်းသွင်းသူ များပြား**

စာမျက်နှာ - ၃

**၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ စက်မှုကုန်ချော တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံကျော်ရရှိ**

စာမျက်နှာ - ၁၀

**အောက်တိုဘာ ၈ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၉ ဦး တွေ့ရှိပြီး ယနေ့ တစ်ဦး သေဆုံး**

စာမျက်နှာ - ၂၁

OKKAN SUGAR MILL

**ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး**

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar